# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လက်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ ၃၅ ဒသမ ၅၁ သန်းရှိခဲ့

# ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရေးအတွက် MSME လုပ်ငန်းများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့** *ဖတ် စ ရာ*

**မိုင်းယုမြို့၌ ရိုးရာစလေ့ဆင်ဆွဲပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ**

ပြည်တွင်းသတင်း
စာ - ၆



**ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသည် အရှေ့အလယ်ပိုင်းတွင် ပထမဆုံးကျင်းပမည့် ပြိုင်ပွဲဖြစ်လာမည်**

နိုင်ငံတကာသတင်း
စာ - ၁၃



## ပြည်ပသွင်းကုန် စက်သုံးဆီနှင့် စားသုံးဆီ ချွေတာသုံးစွဲခြင်းဖြင့် တင်သွင်းမှုလျှော့ချ

နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်ပမှ စက်သုံးဆီနှင့် စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၂) တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုက်တွန်းမှာကြားခဲ့သည်။ စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်တွင်း၌ သုံးစွဲမှုလျှော့ချနိုင်မှသာ ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အလျောက် ပြည်တွင်းသုံးစွဲမှု လျှော့ချနိုင်ရေး လမ်းညွှန်မှာကြားမှုများကိုလည်း လိုက်ပါအကောင်အထည်ဖော်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းကျော်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းကျော်ရှိနေရာ မြေပြင်တွင် သည့်ထက်ပို၍ များပြားဖွယ်ရာရှိသည်။ အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ဆိုင်ကယ်များမှာ နိုင်ငံအနှံ့အပြား ကျေးလက်ဒေသများနှင့် တောင်ပေါ်တောတွင်း လယ်ကွင်းများ၌ပါမကျန် သုံးစွဲနေကြပြီး အများသုံးသည့် အဓိက ယာဉ်များဖြစ်နေသည်။ သို့ဖြစ်ရာ မြို့ပြဒေသများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ခြင်းဖြင့် ကိုယ်ပိုင်မော်တော်ယာဉ်များ သုံးစွဲမှုလျှော့ချနိုင်ရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် ရထားဖြင့် ပို့ဆောင်သည့်စနစ်ကို အဓိကထား အသုံးပြုလာစေရေးအတွက် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် စက်သုံးဆီ တန်ချိန် ၄ ဒသမ ၁၂ သန်း တင်သွင်းခဲ့ပြီး တန်ဖိုးအမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် ကုန်ကျခဲ့ရာ စက်သုံးဆီများ ချွေတာသုံးစွဲနိုင်သည်နှင့် အမျှ နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျလာမည်ဖြစ်သည်။ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရေ စုစုပေါင်း ခုနစ်သန်းကျော်တို့က မိမိတို့၏ နေ့စဉ်သုံးစွဲနေသည့် စက်သုံးဆီများအနက်မှ အချို့ကိုမဖြစ်မနေလျှော့ချသုံးစွဲမည်ဆိုပါက မိမိကိုယ်တိုင် စက်သုံးဆီဖိုးကုန်ကျမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ နိုင်ငံခြားငွေသုံးစွဲမှုအပေါ်တွင်လည်း အကျိုးသက်ရောက်စေမည်ဖြစ်သည်။

ပြည်ပမှ တင်သွင်းနေရသော စားသုံးဆီနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာရေးနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အောင်မြင်သည်နှင့်အမျှ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရရှိပြီး ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်တွင်းဆီစားသုံးသူများမှာ ပြည်ပမှ စားအုန်းဆီကို ဈေးနှုန်းသက်သာမှုကို အကြောင်းပြု၍ သုံးစွဲနေကြခြင်း ဖြစ်သော်လည်း ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုတိုးတက်လာပြီး ဈေးနှုန်းအားဖြင့်လည်း သင့်တင့်လျောက်ပတ်သည့် အနေအထားသို့ ရောက်ရှိလာပါက ပြည်တွင်းမှ ထုတ်လုပ်သည့် ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကိုသာ မလွဲမသွေ သုံးစွဲကြမည်ဖြစ်သည်။

ပြည်ပမှ စက်သုံးဆီကို နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅၀၀ ဖိုးခန့်၊ စားသုံးဆီကို အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဖိုးခန့် တင်သွင်းသုံးစွဲလျက်ရှိရာ ဆီနှစ်ရပ်ပေါင်းပါက ဒေါ်လာသန်းထောင်ပေါင်းများစွာ ကုန်ကျနေရသည်။ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရန်မှာ စက်သုံးဆီ၊ စားသုံးဆီ သုံးစွဲမှုများလျှော့ချနိုင်ရန်နှင့် ပြည်တွင်းမှထုတ်လုပ်မှု မြှင့်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ရာ ပြည်သူလူထု၏ ပါဝင်မှုဖြင့် အောင်မြင်မှုရရှိအောင် အကောင်အထည်ဖော်နိုင်ပါစေကြောင်း။ ။

## နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၂-ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး (၆) ဘာသာ စုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိသူများ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

လျှောက်လွှာများကို ၂၀၂၂-ခုနှစ် နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page နှင့် Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **" KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ၄-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ) နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း (၁၉-၉-၂၀၂၂) ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁) (င) နှင့် (၂) (ဃ) တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ အမြန်သွားရောက် သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ ၊ ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့် ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေ စာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ (၂) ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## မိုး ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

❖ **MSME လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိ၊ MSME လုပ်ငန်းအတွက် အဓိကလိုအပ်ချက် ၄ ခုရှိပြီး ၎င်းတို့မှာကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များလိုအပ်၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှ ကုန်ကြမ်းများ ဝယ်ယူခြင်းထက် ပြည်တွင်းနှင့်ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝသယံဇာတကုန်ကြမ်းများကို အသုံးပြုမည်ဆိုပါက နိုင်ငံခြားငွေကြေးသုံးစွဲမှုများကိုပါသက်သာစေမည်ဖြစ်၊ အချက်အချာကျသည့် ဒေသများတွင် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

❑ *ရှေ့ဖုံးမှ*

### အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန် ခရိုင်များတိုးချဲ့ဖွဲ့စည်းခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန်အတွက် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို စွမ်းဆောင်ရည်အရ ပိုမိုထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ထပ်မံတိုးချဲ့ခဲ့သည့်ခရိုင်များတွင် ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော ဌာနများနှင့် ရုံးများကို ဖွင့်လှစ်ပေးထားကြောင်း၊ တရားဥပဒေရေးရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် တရားရုံးနှင့်ဥပဒေရုံး၊ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဦးစီးဌာနများကို ပထမဦးစားပေးအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME) များ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်

ပြီးခဲ့သည့် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို သွားရောက်ခဲ့ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရများပြောင်းလဲမှုများတွင် မူဝါဒကွဲပြားမှုများကြောင့် လုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်မှုမရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံ၏စီးပွားရေးမြှင့်တင်ရေးအတွက် MSME လုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

### ပြည်တွင်းကုန်ကြမ်းများဖြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးရှိ

MSME လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိစေကြောင်း၊ MSME လုပ်ငန်းအတွက် အဓိကလိုအပ်ချက် ၄ ခုရှိပြီး ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှ ကုန်ကြမ်းများဝယ်ယူခြင်းထက် ပြည်တွင်းနှင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝသယံဇာတ ကုန်ကြမ်းများကို အသုံးပြုမည်ဆိုပါက နိုင်ငံခြားငွေကြေးသုံးစွဲမှုများကိုပါ သက်သာစေမည်ဖြစ်ကြောင်း၊ အချက်အချာကျသည့်ဒေသများတွင် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အဓိကကျသည့် ခရိုင်မြို့ကြီးများတွင် ဆောင်ရွက်ရန်အတွက်လည်း မိမိအနေဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်မြို့များတွင် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် MSME လုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျလှောင်မွေးသည့် စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်း ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

❒ **နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ချေးပေးထား၊ အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကိုလည်း လုပ်ငန်းရှင်များ၏ တောင်းဆိုမှုများကြောင့် သတ်မှတ်ကာလတစ်ခုသို့ ရွှေ့ဆိုင်းပေးခဲ့၊ နိုင်ငံတော်အနေဖြင့် လည်ပတ်ငွေများရှိနေမှသာလျှင် စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်ကောင်းမွန်မည်ဖြစ်သဖြင့် ချေးငွေများကို သတ်မှတ်အချိန်အတွင်း အချိန်မီ ပြန်လည်ပေးဆပ်ကြရန်လို**

### နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးထားမှုနှင့် ပြန်လည်ပေးဆပ်ရန်လိုအပ်မှု

နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ချေးပေးထားကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကိုလည်း လုပ်ငန်းရှင်များ၏ တောင်းဆိုမှုများကြောင့် သတ်မှတ်ကာလတစ်ခုသို့ ရွှေ့ဆိုင်းပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် လည်ပတ်ငွေများရှိနေမှသာလျှင် စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်ကောင်းမွန်မည်ဖြစ်သဖြင့် ချေးငွေများကို သတ်မှတ်အချိန်အတွင်း အချိန်မီ ပြန်လည်ပေးဆပ်ကြရန်လိုကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ရရှိမှသာ နိုင်ငံတော်အနေဖြင့် အခြားလိုအပ်သူများကို ထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ အားလုံးမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

### ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများ ရရှိရန်လိုအပ်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့် လောင်စာများ၊ စက်သုံးဆီများ၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် တိရစ္ဆာန်အစာများ လိုအပ်ကြောင်း၊ စက်သုံးဆီနှင့်မြေဩဇာများမှာ အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ဓာတ်မြေဩဇာများနှင့် စက်သုံးဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေဩဇာသည် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မြေဩဇာများ ထုတ်လုပ်နိုင်ရေးနှင့် ဇီဝမြေဩဇာများ ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူ၍လည်း ဇီဝမြေဩဇာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ပိုးသတ်ဆေး၊ လျှပ်စစ်နှင့် လောင်စာများ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ စွမ်းအင်အတွက် ဂတ်စ်နှင့် ကျောက်မီးသွေးများ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွင်းအားစုများ လုံလောက်စွာရရှိမှသာ ထုတ်လုပ်မှုများကိုလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန်လိုအပ်

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများ ရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင်စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေတွင် အသက် ၂၄ နှစ်မှ ၇၄ နှစ်အကြား အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေသည် သန်း ၃၀ ခန့်ရှိသဖြင့် လူတစ်ဦးလျှင်ပျမ်းမျှအားဖြင့် စိုက်ပျိုးမြေတစ်ဧကကျော်ကို လုပ်ကိုင်နိုင်သည်ဟု ယေဘုယျပြောနိုင်ကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လုပ်အားများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း။

အခြေခံလူသားအရင်းအမြစ်များ ရရှိရေးအတွက် ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို အခြေခံပညာကျောင်းများတွင် တိုးချဲ့သင်ကြားပေး နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ လူသားအရင်းအမြစ်သုံးရပ်ကို မဖြစ်မနေ မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှလည်း လူသားအရင်းအမြစ်များရရှိရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

MSME လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေး၍ရကြောင်း၊ MSME လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို ကုန်စည်ပြပွဲများ ပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ယခုနှစ်ဧပြီလမှစက်တင်ဘာလအထိ ၆ လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ ၃၅ ဒသမ ၅၁ သန်းရှိခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ပြန်လည်စိစစ်ကြည့်သည့်အခါ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စက်သုံးဆီနှင့် စားသုံးဆီ၊ သံမဏိပစ္စည်း၊ ဓာတ်မြေဩဇာ၊ နို့ထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ တင်သွင်းခဲ့ရကြောင်း၊ ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရေးအတွက် MSME လုပ်ငန်းများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ် ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အရည်အသွေးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ရရှိမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

## ပြည်ပမှစက်သုံးဆီနှင့်စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ စက်သုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကို ပိုမိုထုတ်လုပ်နိုင်ရန်အတွက် မိမိအနေဖြင့် တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ရန်လိုကြောင်း၊ စက်သုံးဆီများ ချွေတာသုံးစွဲရန် လိုအပ်ကြောင်း၊ ကုန်စည်များ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း ရထားဖြင့် ပို့ဆောင်သည့်စနစ်ကို အဓိကထားဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အားနည်းချက်များရှိနေသေးကြောင်း၊ စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏နီးစပ်ရာအလိုက် စုပေါင်းအကောင်အထည်ဖော်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများ၏ တစ်ဧကအထွက်နှုန်းကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထုတ်လုပ်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီများ ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာ လျော့ကျသွားမည်ဖြစ်ကြောင်း။

## နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် စက္ကူများ ထုတ်လုပ်နိုင်ရန်လိုအပ်

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များရှိကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ နေ့စဉ် ရိုက်နှိပ်ထုတ်ဝေနေသကဲ့သို့ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် ကျောင်းသုံးစာအုပ်များအတွက် စက္ကူများလိုအပ်လျက်ရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများ အလျှံပယ်ရှိသကဲ့သို့ စက္ကူစက်ရုံများလည်းရှိပြီးဖြစ်ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် စက္ကူများ ထုတ်လုပ်နိုင်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံတွင်ရှိပြီးဖြစ်သည့် စက္ကူစက်ရုံများမှ စက္ကူများ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ အလားတူ စက္ကူပျော့ဖတ်များကိုလည်း ထုတ်လုပ်နိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းများ တဖြည်းဖြည်းကျဆင်းလာကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုများ ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သစ်တောများ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးတောများစွာရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ စက္ကူများကိုထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများအလိုက် ဝါးထုတ်လုပ်ရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သစ်တောများ ပြန်လည်ဖုံးလွှမ်းရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေးတွက် လာမည့်မိုးရာသီမှစ၍ အမျိုးသားရေးရည်မှန်းချက်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်း၌ စက္ကူများလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

> **“ နိုင်ငံတော်အနေဖြင့် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနအလိုက် သုံးစွဲငွေများကို စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုပြီး မလိုလားအပ်သည့် ငွေကြေးသုံးစွဲမှုများမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာနများအနေဖြင့် အရှုံးအမြတ်များရှိသော်လည်း တတ်နိုင်သမျှ အရှုံးမရှိအောင် ဆောင်ရွက်ကြရန်လို၊ ဝန်ကြီးဌာနများအလိုက် လိုအပ်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တင်ပြဆောင်ရွက်ရန်လို၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်”**

## ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ငွေများကို အကျိုးရှိစွာအသုံးချရန်လို

နိုင်ငံတော်အနေဖြင့် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနအလိုက် သုံးစွဲငွေများကို စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုပြီး မလိုလားအပ်သည့် ငွေကြေးသုံးစွဲမှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာနများအနေဖြင့် အရှုံးအမြတ်များရှိသော်လည်း တတ်နိုင်သမျှ အရှုံးမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် လိုအပ်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် ယခုအခါတွင် လိုအပ်ချက်အရသာ နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပုဂ္ဂလိကလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းများ ကျဆင်းမှုမရှိအောင် ဆောင်ရွက်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## အဖိုးတန်ရေကို ချွေတာသုံးစွဲရန်လိုအပ်

ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် ယခင်နှစ် ကာလတူထက် မိုးရေချိန် နည်းပါးသောကြောင့် အချို့သော ဆည်များအတွင်းသို့ ရေဝင်ရောက်မှုများ လျော့နည်းကြောင်း၊ ထို့ကြောင့် ဆည်ရေများကို စိုက်ပျိုးရေးလုပ်ငန်းများ၌ သုံးစွဲရာတွင် ထိထိရောက်ရောက်ဖြင့် စနစ်တကျ သုံးစွဲကြရန် လိုကြောင်း၊ ရေကို အဟောသိကံ သုံးစွဲခြင်းများ မပြုလုပ်ဘဲ ရေကိုချွေတာသုံးစွဲကြရန်လိုကြောင်း၊ လာမည့်နွေရာသီ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးစသည့် မြေလတ်ဒေသများတွင် ရေရှားပါးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ရေရှိရေးအတွက် တာဝန်ရှိသူများက ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **“အဲ့ဒီတော့ ကျွန်တော့်ရဲ့ မူဝါဒမှာ** ကျွန်တော်ပြောပြီးဖြစ်ပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့သည် တိုင်းပြည်က သာယာဝပြောရမယ်။ စားရေရိက္ခာပေါများရမယ်။ ကျွန်တော်တို့ လက်ရှိအထွက်နှုန်းအရဆိုလို့ရှိရင် ဆန်လည်း ကျွန်တော်တို့ ပိုပါတယ်။ ပဲတွေ ကျွန်တော်တို့ နိုင်ငံခြား တောက်လျှောက်ပို့ပါတယ်။ ဆီထွက်သီးနှံလည်း အလားတူ ပို့နေတာရှိပါတယ်။ အဲ့ဒီတော့ ဒီထက်ပိုအောင်လုပ်နိုင်ဖို့ ကျွန်တော်တို့ အခွင့်အလမ်းရှိပါတယ်။ စောစောကပြောတဲ့ စိုက်ဧက ၃၃ သန်း၊ အဲ့ဒီစိုက်ဧက ၃၃ သန်းမှာ သီးထပ်တို့၊ သီးညှပ်တို့ ရအောင်စိုက်မယ်ဆိုရင် ကျွန်တော်တို့ အထွက်နှုန်းတွေ အများကြီး ပိုလာပါလိမ့်မယ်။ ကျွန်တော်ကလည်း မူဝါဒကတော့ စိုက်ဧကမတိုးချဲ့ဖို့ ပြောထားပါတယ်။ စိုက်ဧက ကတော့ မထိခိုက်ဖို့လိုပါတယ်။ လုပ်ချင်လို့ရှိရင် မြေကွက်ဖော်၊ အသစ်ဖော်ပြီးလုပ်ပါ။ စိုက်ပျိုးမြေတော့ လာမထိပါနဲ့။ အဲ့ဒီတော့ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်နဲ့ လုပ်မယ်။ သီးထပ်စားရအောင် လုပ်မယ်၊ တိုးမြှင့်အောင်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည် ဒီထက်ဝင်ငွေများစွာရမှာဖြစ်ပါတယ်။ သေချာပေါက်ဖြစ်ပါမယ်။ ဒါ့ကြောင့် ဒါကိုကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများရော၊ ဝန်ကြီးချုပ်များကနေပြီးတော့ အမြဲတမ်းထည့်သွင်းစဉ်းစားပြီးတော့မှ ဦးစားပေးအနေနဲ့ စားရေရိက္ခာပေါများရေး၊ ထွက်လာတဲ့ဟာ များများရောင်းရလို့ရှိရင် တိုင်းပြည်ဝင်ငွေရရင် တိုင်းပြည်သာယာဝပြောမှုဖြစ်မှာပဲ။ တိုင်းပြည်သာယာဝပြောတယ်ဆိုတာ ငွေချမ်းသာဖို့လည်း ရှိလိမ့်မယ်။ စိတ်ချမ်းသာဖို့လည်းလိုတယ်။ ငွေချမ်းသာဖို့၊ စိတ်ချမ်းသာဖို့လိုတယ်။ တရားဥပဒေစိုးမိုးရေးဖြစ်ဖို့လည်းလိုတယ်။ ဒါမှ တိုင်းပြည်သာယာဝပြောမှာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့။ ငွေကတော့ ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေါ့။ ငါ့ပစ္စည်း ဘယ်အချိန်ဘာလုမလဲဆိုပြီး ဖြစ်နေရမှာ။ ဒါတွေကလည်း ရှိသေးတာပေါ့။ ရည်မှန်းချက်ကတကယ့်ကို တိုင်းပြည်အတွက်ဖြစ်သင့်တဲ့ ရည်မှန်းချက်ပါ။ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေး။ ဒါကို ကျွန်တော်တို့ သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် စားရေရိက္ခာပေါများရေးတော့ ပြည်နယ်နဲ့ တိုင်းဝန်ကြီးချုပ်များရော၊ ပြည်ထောင်စုဝန်ကြီးများရော သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ပေးကြဖို့ ကျွန်တော် ပြောလိုပါတယ်။ တိုင်းပြည်သာယာဝပြောရေး ဆိုလို့ရှိရင်လည်း တရားဥပဒေစိုးမိုးရေးနဲ့ ခုနကပြောတဲ့ ထွက်ကုန်ပစ္စည်းတွေ များများလုပ်ပြီးတော့မှ ပြည်သူလူထုဝင်ငွေရရှိရေး၊ ပြည်သူလူထု ချမ်းသာရေးလုပ်ပေးဖို့က ကျွန်တော်တို့လုပ်ဖို့ လိုပါတယ်။ ဒါဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ အစိုးရရဲ့ တာဝန်ကျေတယ်လို့ ပြောချင်ပါတယ်။

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*

**အဲ့လိုမဟုတ်ရင်တော့ အစိုးရရဲ့ တာဝန်မကျေဘူး။ ကျွန်တော်တို့ လုပ်သွားတဲ့ဟာကို မှတ်ကျောက်တင်နေတာပဲ အခုအချိန်မှာ၊ နောင်တက်လာတဲ့အစိုးရလည်း နောင်တက်လာတဲ့အချိန်မှာ ကျွန်တော်တို့ အစိုးရကို ဝေဖန်လိမ့်မယ်။ ကျွန်တော်တို့လည်း ပြီးခဲ့တဲ့ အစိုးရ ကျွန်တော်တို့ ဝေဖန်ခဲ့တယ်။ ပြီးခဲ့တဲ့ အစိုးရနှစ်ဆက်ကို ဝေဖန်ခဲ့တယ်။ အချို့ဟာတွေမှာ အရင် နဝတ၊ နယကတုန်းက ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောခဲ့တာရှိတယ်။ အဲ့ဒီတော့ ကောင်းတဲ့ ပြောတဲ့ဟာမျိုးကို ခံနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဒီဟာကို အောင်မြင်အောင် လုပ်မှရမယ်ဆိုတာ။ ကျွန်တော်ခုနကပြောတဲ့ အကုန်လုံးဆက်စပ်ပြီးတော့ ခြုံငုံပြီးတော့ ရှင်းပြတာပါ။ အသေးစိတ်ပြောမယ်ဆိုရင် အချက်အလက်တွေ အများကြီးရှိတယ်။ ပြောလို့လည်း ပြီးမှာမဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးများကို ဒီနေ့အစည်းအဝေးမှာ ဒါလေးအလေးထားပြီးတော့ ကျွန်တော်မှာချင်ပါတယ်”** ဟု ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ သရုပ်ပြယာဉ်များ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နှစ်ပေါင်း ၇၅ နှစ်တွင် တစ်ကြိမ်သာရသည့် အခွင့်အရေးဖြစ်သည့်အတွက် ခမ်းနားထည်ဝါစွာ ဆောင်ရွက်နိုင် ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း အဆင့်မီစွာ ကျင်းပနိုင်ရေးနှင့် အားကစားအဆင့်အတန်း ရေရှည်တိုးတက်ရေးအတွက်ပါ စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အထက် အောက် နွေးထွေးစွာဆက်ဆံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရာတွင် ညီညွတ်မျှတသော အုပ်ချုပ်မှုစနစ်ဖြစ်ရန် လိုအပ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာနကချမှတ်ပေးသည့် မူဝါဒများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအနေဖြင့် မူဝါဒများကို မှန်ကန်စွာချမှတ်ပေးရန်နှင့် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပီပြင်မှုရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းများတွင် ရှိပြီးစက်ပစ္စည်း၊ ဝန်ထမ်းအင်အားဖြင့် ဌာနအလိုက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မလိုအပ်ဘဲ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရန် လိုအပ်ကြောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းလုပ်ဆောင်သည့်ဌာန လုပ်ငန်းတာဝန်အလိုက် မှန်ကန်စွာ လုပ်ဆောင်ရန် လိုကြောင်း၊ လုပ်ခလစာတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးမတိုးတက်ဘဲ ဆောင်ရွက်ပေး၍မရပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သည့် ဝင်ငွေများ အပြည့်အဝရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လျှပ်စစ်မီးသုံးစွဲမှုနှင့်စပ်လျဉ်း၍ အမှန်တကယ်လိုအပ်သလောက်သာ သုံးစွဲကြရန်နှင့် ရုံး၊ ဌာန၊ ဆေးရုံ၊ ကျောင်းများတွင် သဘာဝအလင်းရောင်ရရှိစေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းပြီး မြို့ရွာသန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧကအမှန်ရရှိရေး စီမံဆောင်ရွက်ကြရန် လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်စိစစ်သွားရန် လိုအပ်ကြောင်း။

ဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင်ဝါးအလုံးရေ ၂၆၅ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ရောဝတီတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့သည် ဝါးအများဆုံး ထုတ်လုပ်နိုင်သည့် ဒေသများဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ထွက်ရှိသည့်ဝါးများကို ပျော့ဖတ်အဖြစ် ထုတ်လုပ်မည်ဆိုပါက ပျော့ဖတ်တန်ချိန် ၄ သန်းခန့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းပျော့ဖတ်များဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်စက္ကူကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ပျော့ဖတ်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအတွင်း တည်ဆောက်ထားရှိသည့် စက္ကူစက်ရုံများ လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းတွက်ချက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်ပပို့ကုန်ဆန် အထွက်နှုန်း ကောင်းမွန်တိုးတက်စေရန်အတွက် အထွက်နှုန်း ကောင်းမွန်သည့် မျိုးစပါးများကို သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သီးထပ်စိုက်ပျိုးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ လိုအပ်ချက်များကို သိရှိအောင်ကြိုးစားပြီး နိုင်ငံခြားဈေးကွက်ရရှိအောင်ဖော်ဆောင်၍ နိုင်ငံ၏စီးပွားရေး တိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဓာတ်အားသုံးစွဲသူပြည်သူများကို ထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုအပြည့်အဝ ဖြည့်ဆည်းပေးနိုင်သောစနစ်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက်က အလုံမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး၏ ကွန်ထရိုးစင်တာမှ Advanced Metering Infrastructure (AMI) စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပန်းဘဲတန်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ကို AMI စနစ်ဖြင့် ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန်မြို့အတွင်း(AMI)စနစ်သုံးမီတာများ ရာနှုန်းပြည့် ပြောင်းလဲတပ်ဆင်နိုင်ရေးဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ကော့မှူး၊ သုံးခွ၊ တံတား၊ ကိုကိုးကျွန်း၊ လှိုင်သာယာအရှေ့ပိုင်းနှင့် အနောက်ပိုင်း၊ သန်လျင်၊ ခရမ်း၊ လက်ခုပ်ကုန်း၊ အဖျောက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် သာကေတမြို့နယ်များကို AMI စနစ်ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများ၊ AMI စနစ်လဲလှယ်ဆောင်ရွက်ရာတွင် တပ်ဆင်အသုံးပြုရမည့် အိမ်သုံးမီတာ၊ ပါဝါမီတာ၊ စီတီမီတာနှင့် ဆက်စပ်ပစ္စည်းလိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌက Analog Meter များ ကို Digital Meter အဖြစ် လဲလှယ်တပ်ဆင်ရာတွင် အသုံးပြုထားသည့် မီတာ၏ အတွင်းအစိတ်အပိုင်းများ လုံးဝပြုပြင်ပြောင်းလဲရန်မလိုအပ်ဘဲ ပေါင်းစပ်အသုံးပြုနိုင်ခြင်း၊ နည်းပညာအခြေခံသည့်စနစ်ဖြစ်၍ ဝန်ထမ်းအင်အားအနည်းငယ်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ လူကြောင့်ဖြစ်သော မှားယွင်းမှုမရှိနိုင်ခြင်း၊ နေ့စဉ်ကောက်ခံရရှိငွေကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်၍ ငွေကြေးမသမာမှုနှင့် အလွဲသုံးစားပြုမှုမှ ကာကွယ်နိုင်ခြင်း၊ စနစ်အတွင်း ပါရှိသည့် Software များကို Myanmar Unicode (Pyidaungsu Font) ဖြင့် ရေးဆွဲထားသည့်အတွက် အသုံးပြုရန်လွယ်ကူခြင်း၊ ဓာတ်အားသုံးစွဲသူ သန်း ၁၀၀ အထိ အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်ထားသောစနစ်ဖြစ်ပြီး ဘဏ်များနှင့်ချိတ်ဆက်၍ ဓာတ်အားခ ပေးချေနိုင်သည့် Software များ ရေးဆွဲထားပြီးဖြစ်သည့်အတွက် အနာဂတ်ကာလများစွာအထိ အဆင်ပြေစွာ အသုံးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်အားသုံးစွဲသူပြည်သူများကို ထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုအပြည့်အဝ ဖြည့်ဆည်းပေးနိုင်သောစနစ်ဖြစ်၍ လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**(အပေါ်ပုံ)** **ဆန်းကျော်ဦး(ပြန်/ဆက်)**

# တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် အသုံးချကွန်ပျူတာအဆင့်မြင့်သင်တန်းဖွင့်ပွဲ၊ ရေခဲမုန့်၊ အဖျော်ယမကာနှင့် အအေးမျိုးစုံထုတ်လုပ်မှု သင်တန်းဖွင့်ပွဲနှင့် အသုံးချကွန်ပျူတာ ဆရာဖြစ်သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားသည်။



အဆိုပါအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အသုံးချကွန်ပျူတာဆရာဖြစ်သင်တန်း (၁/၂၀၂၂)တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကွန်ပျူတာသင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည့် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များဖြစ်ရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ယခုသင်တန်းကို နိုင်ငံတော်၏ ဈေးကွက် စီးပွားရေးစနစ်ကို အခြေပြု၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည့် အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် ဒီပလိုမာစာရင်းကိုင် (Diploma In Accountancy – DA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် – ၄၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်က စာရင်းပညာရှင်များသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းအနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပြီး အရေအတွက်သာမက အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဒီပလိုမာစာရင်းကိုင်သင်တန်း ပြီးမြောက်အောင်မြင်ပါက စာရင်းပညာကျွမ်းကျင်သူများ ဖြစ်စေမည်ဖြစ်ပြီး စာရင်းပညာရှင်ဖြစ်စေရန်အတွက် ပထမခြေလှမ်းဖြစ်သည့် အခြေခံသင်တန်းတစ်ခု ဖြစ်ပါကြောင်း။

နေပြည်တော် သင်တန်းကျောင်းတွင် ၂၀၀၉ – ၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင်ဖွင့်လှစ်၍ ယခုသင်တန်းသည် (၁၃) ကြိမ်မြောက် သင်တန်းဖြစ်ပြီး ရန်ကုန်သင်တန်းကျောင်းနှင့် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာစာရင်းပညာရှင်များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ကုန်သွယ်မှုစနစ်များ၊ စာရင်းပညာရပ်များနှင့် စီးပွားရေးဆိုင်ရာဥပဒေများကို သိရှိနားလည်ပြီး ကျွမ်းကျင်တတ်မြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ သင်တန်း၏ရည်ရွယ်ချက်နှင့် သင်တန်းမှ သင်ကြားပို့ချမည့် ဘာသာရပ်များ၏တန်ဖိုးကို သိရှိနားလည်ပြီး အလေးအနက်ထား လေ့လာဆည်းပူးလျက် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များ ဖြစ်စေရန် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော် သင်တန်းကျောင်းတွင် သင်တန်းသား ၂၀၀၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၁၁၈ ဦး စုစုပေါင်း သင်တန်းသား ၃၁၈ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ဘောဂဗေဒ၊ စီးပွားရေးသင်္ချာနှင့် စာရင်းအင်းပညာ၊ ကူးသန်းရောင်းဝယ်ရေး အထွေထွေဗဟုသုတ၊ စာရင်းရေးစာရင်းကိုင်ပညာနှင့် စီးပွားရေးဥပဒေ ဘာသာရပ်များဖြင့် ၁၀ လကြာ ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယုမြို့၌ ရိုးရာခလေ့ဆင်ဆွဲပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းယု နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ကျေးလက်ဒေသရှိ ဒေသခံ ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ၊ စီးပွားရေးလာဘ်လာဘ တိုးတက်ကောင်းမွန်စေရန်နှင့် သဘာဝဘေးကပ်ဆိုးများ ဆိုက်ကပ်မှုမရှိစေရန်အတွက် ရည်စူး၍ တစ်နှစ်လျှင် တစ်ရွာစီဖြင့် ကျင်းပလေ့ရှိသည့် ရိုးရာခလေ့ ဆင်ဆွဲပွဲတော်ပွဲ ရေစက်ချအလှူ မင်္ဂလာပွဲကို ယနေ့နံနက်ပိုင်းက ဝမ်တာကြန့်ကျေးရွာအုပ်စု နမ့်ကုတ်ကျေးရွာရှိ ဘုန်ကြီးကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ဆင်ဆွဲပွဲတော်ကို လှူဒါန်းလိုသည့် ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားတို့က အစုအဖွဲ့လိုက်သော်လည်းကောင်း၊ အလှုတန်ဆာ ဆင်ယင်ထားသည့် ဆင်ရုပ်များပြုလုပ်ပြီး အလှူပွဲကျင်းပသည့် ကျောင်းတိုက်သို့ဆွဲ၍ ပို့ဆောင်လှူဒါန်းခြင်း၊ အလှူပုံးများဖြင့် စုပေါင်းလှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုတို့အတွက် ရေစက်ချအမျှဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။



ထိုပွဲတော်သို့ လာရောက်လည်ပတ်သော ဧည့်သည်တော်များကိုလည်း ရိုးရာအစားအသောက်များနှင့် အလှူကျွေးမွေးခြင်း၊ ညပိုင်းတွင် ကျေးရွာ တိုင်းရင်းသားများက ပျူငှာစွာ တည်ခင်းဧည့်ခံ ကျွေးမွေးခြင်း၊ ညပိုင်းတွင် တိုင်းရင်းသားတို့၏ ရိုးရာ အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ပေးခြင်း၊ ဈေးရောင်း ဈေးဝယ်များနှင့် ပွဲလည်ပတ်သူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

**ကိုကိုနိုင်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျိုးနီကန်၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် မိုးစပါးစံပြကွက် ၇၅ ဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာသက္ကရာဇ် ၆၆၅ ခုနှစ် ပုဂံကျော်စွာမင်းလက်ထက်က စတင်အသုံးပြုခဲ့သည့် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ ကျိုးနီကန်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျိုးနီကန် အမှီပြုနေသော ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးနှင့် စိုက်ကွင်းများသို့ အလေအလွင့်မရှိ ထိရောက်စွာပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်(ရမည်းသင်း) သို့ ရောက်ရှိကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သူက ယခင်က အစိုးရစက်မှုလက်မှုသိပ္ပံအဖြစ် ၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် အစိုးရနည်းပညာကောလိပ်၊ ၂၀၁၀ ပြည့်နှစ်တွင် နည်းပညာတက္ကသိုလ် အဆင့်ဆင့်တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်အတွင်း ဒီပလိုမာလက်မှတ်ရ ၁၈၀၁ ဦး၊ ဘွဲ့ရ ၃၁၅၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပြောင်းလဲလာသည့် ပညာရေးစနစ်အရ Outcome Based Education ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၂ - ၂၀၂၃ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် တင်ပြထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ၌ လိုအပ်သည်များကို လမ်းညွှန်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် သင်ကြားနိုင်ရန် တက္ကသိုလ်များအင်္ဂါရပ်နှင့်အညီ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ဘတ်ဂျက်ငွေများအား အလေအလွင့်မရှိ ထိရောက်မှန်ကန်စွာသုံးစွဲရေး၊ ပြုပြင်ထိန်းသိမ်းရေးများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စုရှိ ၂၀၂၂-၂၀၂၃ မိုးစပါး တင်း ၁၀၀ အထက်ထွက်ရှိရေး စံပြကွက် ၇၅ ဧက စိုက်ခင်းသို့ ရောက်ရှိ၍ စိုက်ပျိုးထားမှုများကိုကြည့်ရှုပြီး တောင်သူများ၏ တင်ပြဆွေးနွေးလာသည့် အခက်အခဲများအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးကြောင်း သိရသည်။



**သတင်းစဉ်**

# ကျွန်းသစ်အခြေခံ အချောထည်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်ရှိ National Wood Industry လီမိတက်၏ သစ်အခြေခံ အချောထည်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း ကျွန်းသစ်လုံးများ တင်ဒါစနစ်ဖြင့် ဝယ်ယူစုဆောင်းထားရှိမှု၊ ခေတ်မီစက်များအသုံးပြု၍ အဆင့်ဆင့်ခွဲစိတ်ဖြတ်တောက်မှု၊ အရွယ်အစား အမျိုးအစားအလိုက် အချောထည် ထုတ်လုပ်မှု၊ ဘေးထွက်ပစ္စည်းများကို စွန့်ပစ်မှုမရှိရအောင် အဆင့်မြင့်နည်းပညာနှင့် ခေတ်မီစက်ကိရိယာအသုံးပြု၍ ပြည်ပပို့ သစ်အချောထည်များအဖြစ် ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)



ထို့နောက် စက်ရုံရှင်းလင်းဆောင်တွင် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်းက National Wood Industry လီမိတက်အနေဖြင့် သင်္ဘောကိုယ်ထည်နှင့် ကြမ်းခင်းတွင် အသုံးပြုသည့် သစ်အချောထည် (Decking) အပါအဝင် သစ်အချောထည် ပစ္စည်းများကို ထုတ်လုပ်တင်ပို့လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သစ်အချောထည် ၈၄၆ ဒသမ ၂၇ ကုဗတန်၊ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် သစ်အချောထည် ၈၃၃ ဒသမ ၃၈ ကုဗတန်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၈၁၆ ဒသမ ၅၇ ကုဗတန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယခုလည်း ဆက်လက်တင်ပို့လျက်ရှိကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုအဆင့်ဆင့်မှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကိုလည်း အဆင့်မြင့်နည်းပညာအသုံးပြု၍ သစ်အခြေခံ အချောထည်များအဖြစ် ထုတ်လုပ်လျက်ရှိကြောင်းနှင့် သစ်အခြေခံ အချောထည် ပစ္စည်းများအား ပြည်ပသာမက ပြည်တွင်းလိုအပ်ချက်များအတွက်ပါ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေးနှင့် အရည်အသွေးမြင့် မြန်မာ့ကျွန်းသစ်အခြေခံ အချောထည်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။ MSME လုပ်ငန်းတစ်ခုဖြစ်သည့် National Wood Industry လီမိတက်သည် မြန်မာ့ကျွန်းသစ်အခြေခံ အချောထည်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ရေး MSME ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ရေတိုက်စားမှုကြောင့် နေရာချထားမည့် အိမ်ထောင်စုများအား မြေယာလျော်ကြေးနှင့် ရိက္ခာများထောက်ပံ့ပေးအပ်

**ရွှေတောင် နိုဝင်ဘာ ၁**

ရွှေတောင်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေဝတီမြစ်ရေတိုက်စားမှုကြောင့်ပြန်လည် နေရာချထားမည့် ညောင်စာရေးကျေးရွာအုပ်စု လေ့ကြီးစုကျေးရွာ အိမ်ထောင်စုများအတွက် မြေယာလျော်ကြေးနှင့် စားနပ်ရိက္ခာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီး တိုးလှိုင်၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ အတွင်းရေးမှူး ရဲမှူးနိုင်စိုး၊ အဖွဲ့ဝင်(၃) လဝကမှူး ဦးသန်းထူးတို့က မြေယာလျော်ကြေး ငွေကျပ်သိန်း ၅၀ နှင့် ညောင်စာရေး ကျေးရွာအုပ်စု လေ့ကြီးစုကျေးရွာရှိ ရေဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် ပြောင်းရွှေ့ရန် လိုအပ်သည့် အိမ်ထောင်စု ၂၇ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်အိတ်၊ ဆီငါးပိဿာ၊ ပဲသုံးပိဿာ၊ ဆားတစ်ပိဿာ စားနပ်ရိက္ခာ ကုန်ကျငွေကျပ် ၂၇၅၄၀၀၀ စုစုပေါင်း ငွေကျပ် ၇၇၅၄၀၀၀ ထောက်ပံ့ပေးအပ်သည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ဂုဏ်ပြု သီပေါ၌ ကွန်ကရစ်လမ်းခင်းဆောင်ရွက်

**သီပေါ နိုဝင်ဘာ ၁**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်း ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့် ဝန်ထမ်းများ ယနေ့နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းတစ်လျှောက် မော်တော်ယာဉ်နှင့် လူပုဂ္ဂိုလ်များ သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် ပြင်ပလုပ်သားများ ခေါ်ယူခြင်းမရှိဘဲ ထွေ/အုပ်ဝန်ထမ်းများ စုပေါင်းလုပ်အားဖြင့် ကွန်ကရစ်လမ်းခင်း ဆောင်ရွက်ကြသည်။(**အောက်ပုံ) စိုင်း(သီပေါ)**



# မွန်ပြည်နယ် အထွေထွေအုပ်အုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁

**(၁၄၃) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။**



ထိုသို့ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် စုပေါင်းသွေးလှူဒါန်းကြသည့် ဝန်ထမ်းများအတွက် အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ပြီး **(ယာပုံ)** ပြည်သူ့ဆေးရုံကြီးရှိ ကျောက်ကပ်တုသွေးသန့်စင်ဌာန၌ လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်နယ်မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် မော်လမြိုင်မြို့ ကြာအင်းကျေးရွာ၊ ဗညားဒလ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်တွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ကျပ် ၃၉၄ သန်းဖြင့် ဆောင်ရွက်သည့် အငှားအိမ်ရာ စီမံကိန်း လေးခန်းတွဲ လေးထပ် အဆောက်အဦ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

သရက်ခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ အောက်တိုဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သရက်ခရိုင်အတွင်းရှိ သရက်မြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်တို့ရှိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သရက်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိက သရက်မြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်နှင့် မင်းလှမြို့နယ်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး အောက်တိုဘာလအထိ တင်ပြရာ –



(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စိစစ်ချက်အရ
- (က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့် လူဦးရေ ၁၅၈၈ ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ ၃၇၂ ဦး
- (ဂ) အောက်တိုဘာလအတွင်း မြေပြင်လူဦးရေ ၃၇၁၀၇၅ ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ
- (က) မြေပြင်ထပ်တိုး
  - – ပုံစံ(၆၆/၆) ရှိသူ (၁၉၁၃)ဦး
  - – ပုံစံ(၆၆/၆) အခြားနှင့် (၆၆/၆)မရှိသူ (၈၈၅) ဦး
  - **စုစုပေါင်းမြေပြင်ထပ်တိုး (၂၇၉၈)ဦး**
- (ခ) မြေပြင်တွင်လျော့သည့်ဦးရေ
  - – ပုံစံ(၆၆/၆) ရှိသူ (၂၅၉၉)ဦး
  - – ပုံစံ(၆၆/၆) အခြားနှင့် (၆၆/၆)မရှိသူ (၁၇၄) ဦး
  - **စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ (၂၇၇၃)ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၄၅၈ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ဎင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြု ဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမင်းမင်းဦးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeoffice@gmail.com |


**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငဖဲမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၀၀ သို့ စားကုန်များ ထောက်ပံ့ပေးအပ်




**ငဖဲ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ အခြေခံလူတန်းစား ပြည်သူများ၏ စားဝတ်နေရေး လတ်တလောပြေလည်စေရန် ရည်ရွယ်၍ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၀၀ အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခြေခံစားကုန်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး နှာခေါင်းစည်းများကို နိုဝင်ဘာ ၁ ရက်က ငဖဲမြို့နယ်ခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

### ကူညီဆောင်ရွက်ပေးလျက်ရှိ

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရန်အတွက် သက်သာချောင်ချိရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အခြေခံလူတန်းစားပြည်သူများ စားဝတ်နေရေး လတ်တလောပြေလည်စေရန် ရည်ရွယ်ပြီး အခြေခံစားကုန်များကို အိမ်ထောင်စုများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ ငဖဲမြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စုများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စု ၁၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်များ ရရှိသည့် အိမ်ထောင်စုများအတွက် ပစ္စည်းတန်ဖိုးနည်းပါး၍ များပြားသည့် ပမာဏမဟုတ်သော်လည်း ထိုက်သင့်သည့် အကူအညီ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ငဖဲမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားကုန် လေးမျိုးဖြစ်သည့် (ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ) နှင့် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ် အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ (ဓာတ်ပုံ)

### ကွန်ပျူတာငါးလုံး ထောက်ပံ့

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုတို့က ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွန်ပျူတာငါးလုံးကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့သည်။

**မောင်ညီညာ**



# ကချင်ပြည်နယ်အတွင်း ရက်ကန်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံများ ရက်ကန်းပညာရပ်ဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်

မြစ်ကြီးနား နိုဝင်ဘာ ၁

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ရိုးရာအထည် အဆင်ဒီဇိုင်းများ ရက်လုပ်သည့် ရက်ကန်းလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းရှင်များနှင့် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။** (အပေါ်ပုံ)

တွေ့ဆုံ ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာအထည်ဒီဇိုင်းများသည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများထိပါ လူကြိုက်များ ကျော်ကြားလှပသော အဆင်ဒီဇိုင်းများဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရိုးရာအထည်အလိပ်ဒီဇိုင်းများအား ရက်လုပ်သော ရက်ကန်းပညာရပ်ယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောပပျောက်သွားခြင်း မရှိရေး၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ အတတ်ပညာများ ဖြန့်ဖြူးပေးနိုင်ရန် ရက်ကန်းလုပ်ငန်းရှင်များနှင့် ပြည်နယ်သူ၊ ပြည်နယ်သားအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ပြည်နယ်အတွင်း ရက်ကန်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံတိုင်းရင်းသားလူငယ်များ ရက်ကန်းပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်သည်သာမက လူစွမ်းအားအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ရက်ကန်းလုပ်ငန်းများ အတွက် SME Member ကတ်များ ခွင့်ပြုထုတ်ပေးထားမှုအခြေအနေများ၊ လုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ချေးငွေရရှိမှုအခြေအနေများ၊ ရက်ကန်းနည်းပညာအခြေခံနှင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရက်ကန်းလုပ်ငန်းရှင်များက ရက်ကန်းနှင့် ရိုးရာအထည်အလိပ် အဆင်ဒီဇိုင်းများ ထုတ်လုပ်သည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များ၊ ချေးငွေလိုအပ်ချက်နှင့် ရက်ကန်းနှင့်ရိုးရာအထည်အလိပ်ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဈေးကွက်ရရှိရေး စသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရက်ကန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရိုးရာအထည်အလိပ်များ ထုတ်လုပ်နိုင်မှု မြင့်မားလာစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ က မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် Action Plan ၁၁ ချက်အပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက Action Plan အချက် ၁၁ ချက်အနက် နိုဝင်ဘာလအတွင်း အပြီးသတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက် ၄ ချက်ဖြစ်သည့် အဓိကနယ်ပယ်များရှိ ငွေကြေးခဝါချမှုအန္တရာယ်များကို နားလည်သိရှိမှု တိုးတက်ကြောင်းပြသရန်၊ ကျောက်မျက်၊ ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့အား ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု ကွင်းဆင်း/ရုံးထိုင် စစ်ဆေးမှုများ ဦးစားပေးဆောင်ရွက်ရန်၊ အသိပညာဖြန့်ဝေခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်းအပါအဝင် ဟွန်ဒီလုပ်ငန်းများနှင့် ဆက်စပ်သည့် စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်မှုပြုလုပ်ရန်၊ လူအများအပြားသေကျေစေသည့်လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထား အရေးယူမှုဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ သတင်းပို့အဖွဲ့အစည်းများအား အသိပညာပေးသည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ၎င်းတို့ကို ကြီးကြပ်ဆောင်ရွက်မှုတိုးမြှင့် ပြုလုပ်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန်အကျိုးပြု ပျားမျိုးစိတ်များအကြောင်း သိကောင်းစရာ

*ဒေါက်တာသက်ပိုင်ဦး (မွေး/သု)*

### ကမ္ဘာ့ပျားမွေးမြူရေး

ကမ္ဘာကြီးသည် ခေတ်စနစ်နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာပါသည်။ လူသားများ၏ စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည်လည်း ခေတ်နှင့်အညီ နည်းပညာများတိုးတက်ပြောင်းလဲလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အပြန်အလှန် အမှီသဟဲပြုနေသည့် မွေးမြူရေးလုပ်ငန်းများတွင် ပျားမွေးမြူရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ဒေသအလိုက် ပျားအုံပိုင်ဆိုင်မှုများကို လေ့လာကြည့်ပါက အာရှတွင် ၄၄ ရာခိုင်နှုန်း၊ အာဖရိကတွင် ၂၁ ရာခိုင်နှုန်း၊ ဥရောပဒေသတွင် ၂၁ ရာခိုင်နှုန်း၊ အမေရိကဒေသတွင် ၁၃ ရာခိုင်နှုန်းနှင့် သမုဒ္ဒရာဒေသတွင် ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံတွင် ပျားမွေးမြူရေးလုပ်ကိုင်သူ ၁၅၀၀၀ခန့်သည် ပျားအုံပေါင်း တစ်သန်းကျော်ခန့် မွေးမြူထားရှိပြီး တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပျားရည်ထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံဖြစ်ကာ ၂၀၂၀ ပြည့်နှစ်တွင် ပျားရည်မက်ထရစ်တန် ၄၅၈၀၀၀ ခန့်ထွက်ရှိကြောင်း သိရှိရပါသည်။

### မြန်မာ့ပျားမွေးမြူရေး

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို ဥရောပပျားမျိုး (Apis mellifera) ကို ပြည်ပမှ ၁၉၇၉ ခုနှစ်တွင် တင်သွင်းမွေးမြူခဲ့ကာ ယနေ့အချိန်အထိ ပျားမွေးမြူရေး လုပ်ကိုင်သူ ၉၀၀ ခန့်သည် ပျားအုံစုစုပေါင်း ၁၈၂၇၇၀ ခန့်မွေးမြူလျက်ရှိပြီး ပျားရည်ထုတ်လုပ်မှုမှာ နှစ်စဉ် ၅၁၅၀ မက်ထရစ်တန်ခန့်ထုတ်လုပ်၍ အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။


### စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန်အကျိုးပြုမှု

ဝတ်မှုန်ကူးပေးသည့် အင်းဆက်များစွာရှိသည့်အနက် ပျားများ၏ ခန္ဓာကိုယ်နှင့် ခြေထောက်၌ သဘာဝတရားက ပေးထားသည့် အမွေးအမျှင်ကလေးများနှင့် ဝတ်မှုန်သယ်ဆောင်သည့် ဝတ်မှုန်အိတ်လေး ပါဝင်သည့်အတွက် အခြားအင်းဆက်များနှင့် မတူညီဘဲ ဝတ်မှုန်များစွာကို သယ်ဆောင်၍ တစ်ပင်နှင့်တစ်ပင် ကူးလူးဆက်သွယ်ခြင်းဖြင့် ပန်းပွင့်များ၊ အစေ့အဆန်များ ပိုမိုဖြစ်ထွန်းအောင်မြင်စေပါသည်။ စိုက်ပျိုးသူတောင်သူများအတွက် စိုက်ပျိုးသီးနှံများ အောင်မြင်နိုင်စေသလို မွေးမြူသူတောင်သူများအတွက်လည်း ပျားမှထွက်ရှိသည့် ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်များကို ရရှိသည့် အကျိုးကျေးဇူး အပြန်အလှန် ရရှိစေပါသည်။

### ပျားမျိုးများ

ကမ္ဘာပေါ်တွင် ပျားမျိုးစိတ်ပေါင်း ၂၀၀၀၀ ကျော်ရှိပြီး သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းနှင့် လူသားများ နေရာချဲ့ထွင်လာခြင်းတို့ကြောင့် မျိုးပြုန်းခဲ့ရကြောင်း ကမ္ဘာ့သုတေသနပညာရှင်များက မှတ်တမ်းတင်ဖော်ပြထားပါသည်။ ပျားမျိုးစိတ်အားလုံးသည် ပျားရည်ထုတ်လုပ်နိုင်သော ပျားမျိုးများ မဟုတ်ကြပါ။ ဝတ်ရည်စုပျား(Honey Bee) ဆိုသည်မှာ ပန်းပွင့်များမှ ပန်းဝတ်ရည်ကို စားသုံး၍ ပျားရည်ထုတ်လုပ်ခြင်း၊ အစုဖွဲ့ဖြင့် နေထိုင်ခြင်းနှင့် ပန်းပွင့်များသန္ဓေအောင်ပြီး အသီးနှင့် မျိုးစေ့များရရှိစေရန် ဝတ်မှုန်ကူးပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။ ကမ္ဘာပေါ်တွင် ဝတ်ရည်စုပျားမျိုးစိတ် ၁၉ မျိုးရှိပြီး အဆိုပါမျိုးမှ ထပ်မံခွဲထွက်သော မျိုးစိတ်ပေါင်း(Sub-species) ၄၃ မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် ဒေသတွင်း ပျားမျိုးရင်းများဖြစ်သော သစ်ခေါင်းပျား(Apis cerana)၊ ပျားကြီးမျိုး(Apis dorsata)၊ ပျားကြီးမျိုးစိတ်(Apis laboriosa)၊ ယင်ပျားမျိုး (Apis florea)၊ ယင်ပျားမျိုးစိတ်(Apis andreniformis) တို့ကို ဒေသအလိုက်တွေ့ရှိရပြီး ဥရောပပျားမျိုးဖြစ်သော အေပစ်မယ်လီဖယ်ရာ (Apis mellifera) ပျားမျိုးစိတ် ခုနစ်မျိုးကို စစ်တမ်းများအရ အများဆုံးတွေ့ရှိကြောင်း ဖော်ပြထားပါသည် -

(၁) Apis mellifera mellifera
(၂) Apis mellifera lingustica
(၃) Apis mellifera carnica
(၄) Apis mellifera anatillica
(၅) Apis mellifera siciliana
(၆) Apis mellifera buckfast
(၇) Apis mellifera caucasica



ကမ္ဘာအဝန်း မွေးမြူရေး ပျားအုံပိုင်ဆိုင်မှု အခြေအနေပြပုံ။

❑ **ဝတ်မှုန်ကူးပေးသည့် အင်းဆက်များစွာရှိသည့်အနက် ပျားများ၏ ခန္ဓာကိုယ်နှင့် ခြေထောက်၌ သဘာဝတရားက ပေးထားသည့် အမွေးအမျှင်ကလေးများနှင့် ဝတ်မှုန်သယ်ဆောင်သည့် ဝတ်မှုန်အိတ်လေး ပါဝင်သည့်အတွက် အခြားအင်းဆက်များနှင့် မတူညီဘဲ ဝတ်မှုန်များစွာကို သယ်ဆောင်၍ တစ်ပင်နှင့်တစ်ပင် ကူးလူးဆက်သွယ်ခြင်းဖြင့် ပန်းပွင့်များ၊ အစေ့အဆန်များ ပိုမိုဖြစ်ထွန်းအောင်မြင်စေပါသည်။ စိုက်ပျိုးသူတောင်သူများအတွက် စိုက်ပျိုးသီးနှံများ အောင်မြင်နိုင်စေသလို မွေးမြူသူတောင်သူများအတွက်လည်း ပျားမှထွက်ရှိသည့် ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်များကိုရရှိသည့် အကျိုးကျေးဇူး အပြန်အလှန်ရရှိစေ**


### ပျားသဘာဝ

ပျားအုံတစ်အုံ၌ ပျားဘုရင်မ (Queen)၊ ပျားထီး (Drone)နှင့် လုပ်သားပျား(Worker) တို့ဖြင့် ဖွဲ့စည်းထားပြီး ပျားအုံတစ်အုံတွင် ပျားဘုရင်မတစ်ကောင်သာပါရှိကာ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၁၆ ရက်ကြာပါပြီး အဓိကလုပ်ငန်းတာဝန်မှာ မျိုးဆက်ပြန့်ပွားရန်အတွက် ဥချပေးခြင်းနှင့် ပျားများ မိမိ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်စေရန် လှုံ့ဆော်ပေးခြင်းတို့ လုပ်ဆောင်ပါသည်။ ဘုရင်မတစ်ကောင်သည် ၈-၉ နှစ်ကြာ အသက်ရှင်နေထိုင်နိုင်ပြီး တစ်ရက်လျှင် ဥ ၁၅၀၀ ခန့် ဥပေးနိုင်ပါသည်။

ပျားထီး၏ ခန္ဓာကိုယ်အရွယ်အစားမှာ လုပ်သားပျားထက် ကြီးမားပါသည်။ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၂၄ ရက်ကြာပြီး အဓိကလုပ်ငန်းတာဝန်မှာ ဘုရင်မနှင့်မိတ်လိုက်ရန်ဖြစ်ပြီး ပျားဘုရင်မနှင့် မိတ်လိုက်ရန်အတွက် သတ်မှတ်ထားသော မိတ်လိုက်ဇုန်(Drone Congregation Area- DCA) နေရာ၌ပျားဘုရင်မနှင့် အောင်မြင်စွာ မိတ်လိုက်ပြီးလျှင် ထိုနေရာမှာပင် သေဆုံးရပါသည်။

ပျားမ(လုပ်သားပျား)သည် ပျားအုံတစ်အုံတွင် အရေအတွက် အများဆုံးပါဝင်ပြီး ဘုရင်မနှင့် ပျားထီးတို့ထက် အရွယ်အစားသေးငယ်ပါသည်။ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၂၁ ရက်ကြာမြင့်ကာ မျိုးပွားခြင်း မပြုလုပ်နိုင်ဘဲ မွေးဖွားချိန်မှ သေဆုံးချိန်အထိ အလုပ်လုပ်ရပါသည်။ အဓိကလုပ်ငန်းတာဝန်မှာ ဝတ်ရည်၊ ဝတ်မှုန်များသိမ်းဆည်းပေးခြင်းနှင့် အစာရှာဖွေခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးပါသည်။ လုပ်သားပျားများ၌ ချိတ်ပုံစံအဆိပ်ဆူးပါရှိပြီး ရန်သူကို တိုက်ခိုက်ရန် အရေပြား အတွင်းထိုးသွင်းပြီးနောက် အဆိပ်ဆူးပြုတ်ထွက်ကာ သေဆုံးကြရပါသည်။



ပျားအုံတစ်အုံတွင်ရှိသော ဝတ်ရည်စုပျားပုံ။

### ဝတ်မှုန်ကူးခြင်း

ဝတ်မှုန်ကူးခြင်းဆိုသည်မှာ ပန်းပွင့်၌ပါဝင်သော အဖိုဝတ်မှုန်ကို ပန်းပွင့်မှာရှိသော အမဝတ်မှုန်ခံထိပ်ပေါ်သို့ ကျရောက်ဝတ်မှုန်ကူးပေးခြင်းဖြင့် သန္ဓေအောင်စေပြီး အသီးနှင့် အစေ့များ ဖြစ်လာခြင်းဖြစ်ပါသည်။ ထိုသို့ဝတ်မှုန်ကူးပေးရန်အတွက် ပျားအပါအဝင် ပိတုန်း၊ လိပ်ပြာ၊ ငှက်များနှင့် အခြားသော တိရစ္ဆာန်များနှင့် အင်းဆက်ပိုးများ ပါဝင်ကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဖော်ပြချက်အရ ပန်းပွင့်သောအပင်များ၏ ၈၀ ရာခိုင်နှုန်းခန့်သည့် ဝတ်မှုန်ကူးပေးသူ အကူအညီဖြင့် သန္ဓေအောင်စေပြီး

*စာမျက်နှာ ၁၁ သို့*

# မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ယုံကြည်အားထားရသည့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်စေလို

မော်လမြိုင် နိုဝင်ဘာ ၁

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီအခြေခံရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း အသုံးပြုတတ်စေရန်နှင့် အခြေခံရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက်က ပြည်နယ်ခန်းမ၌ ဖွင့်လှစ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။**

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဘေးအန္တရာယ် မကျရောက်ခင် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြ ရာမည်ဖြစ်သလို ဖြစ်ပွားလာပါကလည်း အလျင် အမြန် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးမှုနည်းပါး သည် ထက် နည်းပါးစွာ ဆောင်ရွက်ခြင်းဖြင့် ပြည်သူ များ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ် ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ် ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းများ ကို မျက်ခြည်မပြတ် လေ့လာဆည်းပူးသင်ကြားပြီး ရရှိလာသည့် လုပ်ငန်းအတွေ့အကြုံ ဗဟုသုတများကို အခြေခံကာ မိမိတို့ရပ်ရွာ၊ ဒေသအတွက် ပြန်လည် အသုံးချဖို့၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကာကွယ်ကူညီ စောင့်ရှောက်ရန်၊ ပြည်သူများ ယုံကြည်အားထားရ သည့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်စေရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်း ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။



**ခင်စန်းမြင့်**

**(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်၌ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်

**ကော့မှူး နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် တွင် အသက် နှစ်နှစ်အောက် ကလေးငယ် များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့သစ်ရပ်ကွက်မူကြိုကျောင်း၌ ထိုးနှံပေး လျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးရာတွင် ကျန်းမာရေး ဝန်ထမ်းများက မွေးကင်းစမှအသက် တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသည်းရောင်အသားဝါ (ဘီ)၊ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) ပြင်းထန် ဝမ်းပျက်ဝမ်းလျှော (ရိုတာဗိုင်းရပ် ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဝက်သက်ဂျိုက်သိုး သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး စသည့်ကာကွယ်ဆေးများ ကို တိုက်ကျွေးထိုးနှံပေးနေကြောင်း သိရ သည်။

**ကျော်သူရ (ကော့မှူး)**



## ဖြူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**ဖြူး နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မီးသတ် ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက် လာသည်နှင့်အမျှ မီးလောင်မှုများနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာ ပါက ဆောင်ရွက်ပေးနေကြသည့် အရန် မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး စွမ်းရည်ရှိစေရေးအတွက် ရည်ရွယ်ကာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့် ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဖြူးမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူက အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့ ရပ်ရွာဒေသတွင် ဖြစ်ပေါ်လာသော မီးဘေး၊ သဘာဝဘေးများ ဖြစ်ပေါ်လာ ပါက ကူညီဆောင်ရွက်ပေးကြရသူများ ဖြစ်သည့်အတွက် ဂုဏ်ယူရကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အရန်မီးသတ်တပ်ဖွဲ့ ဝင်အဖြစ် နှစ်ကာလကြာရှည်စွာတာဝန် ထမ်းဆောင်သူများအား ဂုဏ်ပြု မှတ်တမ်းနှင့် ကညွတ်ကွင်းမြို့၊ ဇေယျဝတီမြို့၊ ညောင်ပင်သာဒေသများရှိ အရန်မီးသတ် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပေးသော တူညီဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ကညွတ်ကွင်း မြို့၊ ဇေယျဝတီမြို့၊ ညောင်ပင်သာဒေသ များမှ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး သင်တန်းကာလ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ဖြူးမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း မီးလောင်မှု ၄၀ ကြိမ် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၁၂ သိန်း၊ အသက်ဆုံးရှုံးသူ နှစ်ဦးရှိကြောင်း မြို့နယ်မီးသတ်ဦးစီး ဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

*စာမျက်နှာ ၁၀ မှ*

အသီးနှင့် အစေ့များ ရရှိခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အဓိက စိုက်ပျိုးသော သီးနှံပင်များမှ အသီးနှင့် အစေ့များ အထွက်နှုန်းပိုမို တိုးပွားရရှိရန်အတွက် ဝတ်မှုန်ကူးရန်လိုအပ်ပါသည်။ ပျားများသည် ပန်းပွင့်များကို ဖျက်ဆီးသောကြောင့် အသီး မသီးခြင်း၊ အသီးများ ပုပ်ခြင်း စသောရေးအယူအဆများရှိနေခြင်းကြောင့် စိုက်ပျိုးသူနှင့် မွေးမြူသူများအကြား နားလည်မှုလွဲမှားသည့် ပြဿနာများရှိသကဲ့သို့ သီးနှံခင်းများကို ဓာတုပိုးသတ်ဆေးများ သုံးစွဲခြင်းနှင့် ပျားရောဂါများ ကြောင့် ပျားများ သေဆုံးနှုန်းမြင့်မားပြီး ပျားကောင်ရေလျော့နည်းလာ သည်ကို စစ်တမ်းများအရ တွေ့ရပါသည်။ ထို့ကြောင့် ပျားမွေးမြူရေး လုပ်ငန်းသည် တောင်သူများ၏ စိုက်ခင်းမှသီးနှံပင်များသာမက သဘာဝပတ်ဝန်းကျင်ရှိ အပင်များကို ဝတ်မှုန်ကူးပေးသော အကျိုးပြု လုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးသူ နှင့် မွေးမြူသူ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ သဘာဝဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပေ သည်။

### အကျိုးကျေးဇူး

ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဝတ်မှုန်ကူးခြင်း ပိုမို လုပ်ဆောင်နိုင်ပြီး တောင်သူများ သီးနှံအထွက်တိုးရုံသာမက ပျားမွေးသူများပါ အပြန်အလှန်အကျိုးရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် လူသားအကျိုးပြုလုပ်ငန်း တစ်ခုဖြစ်ခြင်း၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်သည်အထိ တိုးချဲ့ မွေးမြူနိုင်ပြီး ရေရှည်တည်တံ့သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့် အပြင် ပျားထွက်ပစ္စည်းများကို ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

မြန်မာနိုင်ငံ၏ ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးရိုးဗီဇကောင်းမွန်သော ပျားမျိုးများရရှိစေ ရန် ပျားဘုရင်မမွေးမြူခြင်းနှင့် မေထုန်မဲ့နည်းဖြင့် မျိုးအောင် ဘုရင်မ မွေးမြူခြင်းနှင့် ခေတ်မီဆန်းသစ်သော ပျားမွေးမြူရေးနည်းစနစ်များ ဖွံ့ဖြိုးလာစေရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အပြင် မြန်မာနိုင်ငံမှထွက်ရှိသော ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ပြည်တွင်းစားသုံး၍ ပြည်ပသို့တင်ပို့နိုင်ရန် ဈေးကွက်ဝင် တန်ဖိုးမြင့် ထုတ်ကုန်ကွင်းဆက်ဆိုင်ရာသုတေသနလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ကို ထိန်းသိမ်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန် အကျိုးပြုသည့် ပျားမျိုးစိတ်များအကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။





နေကြာစိုက်ခင်းအတွင်း ဝတ်မှုန်ကူးရန်ချထားသည့် ပျားအုံကို စစ်ဆေးနေပုံ။


# ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း သုံးသပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့ အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒရုံး၊ စခန်း ၄၁ ခု (ပုံ-၁) တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း အဆိုပါရုံး၊ စခန်း ၄၁ စခန်း၌ မိုးရွာသွန်းမှုရှိခဲ့၍ မိုးရေနမူနာများရယူကာ pH တန်ဖိုးများကို တိုင်းတာခဲ့သည်။ တိုင်းတာရရှိခဲ့သည့် ၃၈ စခန်းအနက် ၃၁ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး ဇန်းမော်၊ ကသာ၊ ပြင်ဦးလွင်၊ ကလေးဝ၊ သံတွဲ၊ ဟသ်ာတနှင့် ထားဝယ်စခန်းများတွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် (5.6 – 6.4) အတွင်းတွင်ရှိပါသဖြင့် ပုံမှန်မိုးရေအဆင့်တွင်ရှိသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။ (ပုံ-၂) **မိုး/ဇလ**




ပုံ(၁)

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|---|---|---|
| ၁ | မန္တလေး (ရုံးကြီး) | ၇.၀ | ၁၄ | ကသာ | ၆.၄ | ၂၇ | တောင်ငူ | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ | ၁၅ | ပြင်ဦးလွင် | ၆.၄ | ၂၈ | ပုသိမ် | ၆.၅ |
| ၃ | မြစ်ကြီးနား | ၆.၆ | ၁၆ | ကလေးဝ | ၆.၄ | ၂၉ | မအူပင် | ၆.၉ |
| ၄ | ပူတာအို | ၆.၇ | ၁၇ | ရန်ကုန် (ကမ္ဘာအေး) | ၆.၅ | ၃၀ | ဟသ်ာတ | ၆.၄ |
| ၅ | ဇန်းမော် | ၆.၀ | ၁၈ | မှော်ဘီ | ၇.၀ | ၃၁ | မော်လမြိုင် | ၆.၈ |
| ၆ | လားရှိုး | ၆.၈ | ၁၉ | မကွေး | ၇.၁ | ၃၂ | ရေး | ၆.၅ |
| ၇ | တောင်ကြီး | ၆.၇ | ၂၀ | အောင်လံ | ၆.၅ | ၃၃ | ဘီးလင်း | ၆.၆ |
| ၈ | မိုင်းဆတ် | ၆.၉ | ၂၁ | လှိုင်ကော် | ၆.၈ | ၃၄ | ဘားအံ | ၆.၅ |
| ၉ | ကျိုင်းတုံ | ၆.၆ | ၂၂ | စစ်တွေ | ၆.၈ | ၃၅ | ကော့ကရိတ် | ၆.၇ |
| ၁၀ | စစ်ကိုင်း | ၇.၁ | ၂၃ | ကျောက်ဖြူ | ၆.၆ | ၃၆ | ထားဝယ် | ၆.၃ |
| ၁၁ | ညောင်ဦး | ၇.၀ | ၂၄ | သံတွဲ | ၆.၄ | ၃၇ | မြိတ် | ၆.၇ |
| ၁၂ | မုံရွာ | ၆.၇ | ၂၅ | ပြည် | ၆.၅ | ၃၈ | ကော့သောင်း | ၆.၇ |
| ၁၃ | ပျဉ်းမနား | ၆.၆ | ၂၆ | ပဲခူး | ၆.၅ | | | |

ပုံ (၂)၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများပြပုံ




● *ကျော့ဖုံးမှ*

Junior Lions အသင်းသည် နောက်ဆုံးပွဲမတိုင်မီ ရွှေ့ဆိုင်းထားသည့် ပွဲတစ်ပွဲကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်တွင် Young Boys အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အမှတ်ပေးချန်ပီယံဆုအတွက် ကိုးပွဲကစား ရမှတ် ၁၉ မှတ်ရထားသည့် ဒဂုံစတားယူနိုက်တက်အသင်း၊ ကိုးပွဲကစား ရမှတ် ၁၈ မှတ်ရထားသည့် တက္ကသိုလ်အသင်းနှင့် ရှစ်ပွဲကစား ၁၆ မှတ်ရထားသည့် Junior Lions အသင်းတို့ မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။ လက်ကျန်ပွဲတွင် Junior Lions အသင်းအနိုင်ရပါက ထိပ်ဆုံးမှ ဒဂုံစတားယူနိုက်တက် အသင်းနှင့် ရမှတ်တူသွားမည်ဖြစ်ပြီး ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သည်။ Junior Lions အသင်းအနေဖြင့် ယနေ့ကစားမည့် လက်ကျန်ပွဲတွင် အနိုင်ရပါက ထိပ်ဆုံးနေရာကို ရယူနိုင်မည့်အပြင် ချန်ပီယံဆုအတွက် မျှော်လင့်ချက် ပိုကောင်းသွားမည်ဖြစ်သလို အခြားရလဒ်ထွက်ပေါ်ပါကလည်း ချန်ပီယံဆုအတွက် နောက်ဆုံးပွဲအထိ မျှော်လင့်နိုင်မည်ဖြစ်သည်။

Junior Lions အသင်းသည် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းကို ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်သောကြောင့် ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခွင့်ရှိမည်ဖြစ်သော်လည်း တန်းတက်ခွင့်ရမည် မဟုတ်ကြောင်း သိရသည်။ ပြိုင်ပွဲစည်းမျဉ်းအရ MNL သို့ အမှတ်အများဆုံးနှစ်သင်း တန်းတက်ခွင့်ရမည်ဖြစ်ရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းမှာ တန်းတက်ခွင့်ရရှိပြီးဖြစ်သည်။

ရဲရင့်လွင်

❍ *ကျော့ဖုံးမှ*

အုပ်စု (ဂ) တွင် MFF U–18 အသင်း၊ AKS အသင်း၊ TG United အသင်း၊ UPK အသင်း၊ Generations အသင်း၊ အုပ်စု (ဃ)တွင် VUC အသင်း၊ Dream Team အသင်း၊ Mali Kyal Sin အသင်း၊ M2K အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ Imperium Sport Arenaတွင် ကျင်းပသွားမည် ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများတွင် လာမည့်ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အသင်းများဖြစ်ပြီး လိဂ်ပြိုင်ပွဲအကြို ခြေစမ်းကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ချန်ပီယံဆုရအသင်းသည် လာမည့်နှစ်တွင်ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရဲရင့်လွင်

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ နိုဝင်ဘာ ၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို နိုဝင်ဘာ ၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်မှ ၂၉ ရက်အထိ ကျင်းပပြီးနောက် ရက်ပိုင်းသာ နားကာ ဒုတိယအကျော့ပွဲစဉ်များ ဆက်လက်ကျင်းပခြင်းဖြစ်သည်။


ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၈) အဖြစ် နိုဝင်ဘာ ၃ ရက် ဗဟန်းမြက်ခင်းတုကွင်း၌ Young Lionesses အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ အား/ကာဦးစီးဌာနအသင်းနှင့် သစ္စာအားမာန်အသင်း၊ နိုဝင်ဘာ ၄ ရက် ဗဟန်းမြက်ခင်းတုကွင်း၌ တနင်္သာရီအသင်းနှင့် YREO အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယအကျော့ ပထမဆုံးပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်ခြောက်သင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေကာ သစ္စာအားမာန်အသင်းက ၁၅ မှတ်၊ မြဝတီအသင်းက ၁၃ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ YREO အသင်းက သုံးမှတ်ရထားပြီး တနင်္သာရီအသင်းက ခြောက်ပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ **ရဲရင့်လွင်**

# ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် ကာလဝမ်းရောဂါကာကွယ်ဆေး ပထမအသုတ် လက်ဘနွန် လက်ခံရရှိ

**ဘေရွတ် နိုဝင်ဘာ ၁** – ကာလဝမ်းရောဂါကူးစက်မှုနှင့် သေဆုံးမှုများနေသည့် လက်ဘနွန်နိုင်ငံသည် အသက်အန္တရာယ်ရှိသော ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ကာလဝမ်းရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီး ဖီရပ်စ် အဘိတ်က အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြင်သစ်အစိုးရက ပံ့ပိုးပေးသော ဆာနိုဖီဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကာကွယ်ဆေး အလုံး ၁၃၄၄၀ က ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရာတွင် အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဟု ဖီရပ်စ် အဘိတ်၏ ပြောကြားချက်ကို အမျိုးသားသတင်း အေဂျင်စီက ကိုးကားဖော်ပြသည်။




အဆိုပါကာကွယ်ဆေးများကို လက်ဘနွန်နိုင်ငံတစ်ဝန်း ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး အန်နီဂရီလိုက ပြောသည်။ ထို့အပြင် နိုဝင်ဘာလတွင် ကာကွယ်ဆေးများ ထပ်မံရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်အတူ လက်ဘနွန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ပြင်သစ်နိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

လက်ဘနွန်နိုင်ငံ၌ လက်ရှိအချိန်အထိ ကာလဝမ်းရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၈၈ ဦးနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၇ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ ကာဂိုဝါစီရင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေ

**တိုကျို နိုဝင်ဘာ ၁** – ဂျပန်နိုင်ငံ ကာဂါဝါစီရင်စုရှိ မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁ ရက်တွင် ပြောသည်။

ကာဂါဝါစီရင်စု ခန်းအွန်းဂျီမြို့ရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ အောက်တိုဘာ ၃၁ ရက်က ကြက်များ သေဆုံး နေ သည်ကို တွေ့ ရှိကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များကသေဆုံးနေသည့် ကြက်များကို အမြန်စစ်ဆေးနည်းဖြင့် စစ်ဆေးရာ အများစုတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးစစ်ဆေးတွေ့ရှိကြောင်း ဂျပန် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ဝန်ကြီးဌာနသည် အောက်တိုဘာ ၂၈ ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု နှစ်ခုအစီရင်ခံ တင်ပြခဲ့ပြီး တစ်ခုမှာ ဟွန်ရှူးကျွန်းရှိ အိုကာယာနာစီရင်စုမှဖြစ်ပြီး အခြားတစ်ဦးမှာ ဂျပန်နိုင်ငံ၏ ကျွန်းကြီးလေးကျွန်း၏ မြောက်ဘက်စွန်းရှိ ဟော့ကိုင်းဒိုးမှဖြစ်ကြောင်း သိရသည်။



ကြက်မွေးမြူရေးခြံနှစ်ခုမှ ကြက်ကောင်ရေ စုစုပေါင်း ၃၄၀၀၀၀ ခန့်ကို သုတ်သင်ရှင်းလင်းသွားမည်ဟုဆိုသည်။ **ဆင်ဟွာ**

# နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာကြီးဖြစ်စေရန် ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂပထမကော်မတီ တည်ပြု

**ဂျီနီဗာ နိုဝင်ဘာ ၁**

ကုလသမဂ္ဂကော်မတီအဖွဲ့ တစ်ဖွဲ့သည် နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာကြီးဖြစ်စေရန် ရည်ရွယ်ထားသည့် ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက် မူကြမ်းတစ်ခုကို အတည်ပြုခဲ့သည်။ ဂျပန်နိုင်ငံသည် အဆိုပါဆုံးဖြတ်ချက်မူကြမ်းများကို နှစ်စဉ် တင်သွင်းလေ့ရှိသည်။

အောက်တိုဘာ ၃၁ ရက်က ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမကော်မတီ (လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကော်မတီ) ၌ အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ၁၃၉ နိုင်ငံက ထောက်ခံခဲ့သည်။ ထောက်ခံသည့် နိုင်ငံအရေအတွက်သည် လွန်ခဲ့သောနှစ်ထက် ၁၃ နိုင်ငံ လျော့နည်းခဲ့သည်။

ဂျပန်နိုင်ငံသည် အဏုမြူဗုံးဒဏ်ကို ခံစားခဲ့ရသော တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမကော်မတီက အဆိုပါ စာတမ်းကို ၂၉ နှစ်ဆက်တိုက် အတည်ပြုခဲ့ခြင်းဖြစ်သည်။




ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမကော်မတီ (လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကော်မတီ) ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော သီရိလင်္ကာသံအမတ်ကြီးနှင့် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် မစ္စတာ မိုဟန်ပိုင်ရစ်။

နျူကလီးယား လက်နက်ပိုင်ဆိုင်သောနိုင်ငံများကို နျူကလီးယား လက်နက်များအသုံးမပြုရန် အဆိုပါ ဆုံးဖြတ်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် အဆိုပါမူကြမ်း၌ အဏုမြူဗုံး ဒဏ်ခံစားခဲ့ရသော ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ လာရောက်လည်ပတ်ရန် နိုင်ငံခေါင်းဆောင်များနှင့် လူငယ်များကို ဖိတ်ခေါ်ထားသည်။

ဂျပန်နိုင်ငံက တင်သွင်းသော အဆိုပါမူကြမ်းကို ကုလသမဂ္ဂ လက်နက်တားမြစ်ရေးသဘောတူစာချုပ်တွင် ပထမဆုံးအကြိမ် ထည့်သွင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယတံတားပြတ်ကျမှုဖြစ်စဉ်နှင့် ပတ်သက်ဆက်နွယ်သူ ကိုးဦးကို ရဲများ ဖမ်းဆီး

**နယူးဒေလီ နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် လူအစုလိုက် သေဆုံးခဲ့သော တံတားပြတ်ကျမှုနှင့် ပတ်သက်ဆက်နွယ်သူ ကိုးဦးကို အိန္ဒိယရဲများက မကြာသေးမီက ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

ကယ်ဆယ်ရှာဖွေမှုများ တတိယရက်ထဲဝင်ရောက်လာချိန်တွင် တံတားပြတ်ကျမှုကြောင့် သေဆုံးသူ ၁၃၄ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း ရဲများက ပြောသည်။

ဖမ်းဆီး ထိန်းသိမ်းထားသူများထဲတွင် စီမံအုပ်ချုပ်ရေးပိုင်း၊ လက်မှတ်ရောင်းနှင့် လုံခြုံရေး ဝန်ထမ်းများပါဝင်ကြောင်း အာဏာပိုင်များက ဆက်ပြောသည်။

၎င်းတို့ကို လူသတ်မှုနှင့် ပေါ့ဆမှုများဖြင့် စွဲချက်တင်ထားသည်။ တံတားပြတ်ကျချိန်တွင် တံတားဘေးတစ်ဖက်တစ်ချက်ရှိ လူသွားလမ်းများပေါ်တွင် လူများပြည့်ကျပ်နေသည်။

နည်းပညာပိုင်းနှင့်သာမက တံတားဖွဲ့စည်းပုံဆိုင်ရာ ချွတ်ယွင်းချက်များနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ပြဿနာများက တံတားပြတ်ကျမှုကို ဖြစ်ပွားစေခဲ့သည့် အဓိကအကြောင်းတရားများဖြစ်ကြောင်း ကနဦးလေ့လာ ဆန်းစစ်မှုများက ဖော်ပြသည်။

ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် ကယ်ဆယ်ရေးလုပ်ငန်းများကို စောင့်ကြည့်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသည် အရှေ့အလယ်ပိုင်းတွင် ပထမဆုံးကျင်းပမည့် ပြိုင်ပွဲဖြစ်လာမည်

**ဒိုဟာ နိုဝင်ဘာ ၁**

ကာတာနိုင်ငံ၌ မကြာမီကျင်းပတော့မည့် (၂၂) ကြိမ်မြောက်ကမ္ဘာ့ဖလားပြိုင်ပွဲသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် အရှေ့အလယ်ပိုင်းဒေသ၌ ပထမဆုံးအကြိမ် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ၌ အသင်းပေါင်း ၃၂ သင်း ပါဝင်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ မြို့တော် ဒိုဟာနှင့် အခြားမြို့လေးမြို့ရှိ အားကစားကွင်းရှစ်ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခင်ကမ္ဘာ့ဖလားပြိုင်ပွဲများကို မေလနှင့် ဇူလိုင်လကြား ယှဉ်ပြိုင်ကစားလေ့ရှိသော်လည်း ကာတာနိုင်ငံ၏ သဲကန္တာရအပူဒဏ်ရာကို ရှောင်ရှားနိုင်ရန်အတွက် ယခုနှစ်တွင် အေးသောရာသီတွင် ပြောင်းရွှေ့ကစားရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသည် ၁၉၃၀ ပြည့်နှစ်က ကမ္ဘာ့ဖလား စတင်ယှဉ်ပြိုင်ကစားပြီးကတည်းက နောက်အကျဆုံး ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲလည်း ဖြစ်လာမည် ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အသင်းများအနေဖြင့် အချိန်ဇယားပြောင်းလဲမှုနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကဲ့သို့ ဖြစ်နိုင်ခြေရှိသော အရေးပေါ်အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် သမားရိုးကျ ကစားသမား ၂၃ ဦး စာရင်းမှ ယခုနှစ်တွင် ကစားသမား ၂၆ ဦးအထိ စာရင်းသွင်းနိုင်မည်ဟု သိရသည်။

ထို့အပြင် ပွဲတစ်ပွဲတွင် ပုံမှန်လူစားလဲမှု သုံးဦးထက် ယခုနှစ်တွင် ငါးဦးအထိ လူစားလဲခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၀၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၄၂၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၆၉၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၅ | ၂၇၃၅ | ၂၉၅၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၁၀ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၁၀ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၉ | ၁၉၄၀ |
| 95 Ron | ၁၉၅၆ | ၂၀၂၈ |
| HSD (500 ppm) | ၂၅၃၃ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၀၅ | ၂၆၈၆ |
| HSD (10 ppm) | ၂၆၀၅ | ၂၆၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



## ဥတ္တရသီရိ၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား အသက် (၁၉) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ရွှေဘူးသီးအသင်းနှင့် ရွှေရောင်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိ သရေကျသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ယှဉ်ပြိုင်ကစားကာ ရွှေရောင်လူငယ်အသင်းက ရွှေဘူးသီးအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးပြည့်ဖြိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးမျိုးချစ်၊ တာဝန်ရှိသူများက ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်း အကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆု၊ အသန့်ရှင်းဆုံး အသင်းဆု၊ စတုတ္ထရရှိသော အသင်း၊ တတိယရရှိသော အသင်း၊ ဒုတိယရရှိသော အသင်း၊ ပထမရရှိသော အသင်းတို့ကို ဆုများပေးအပ်ကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

ကျော်စွာဟိန်း(ပြန်/ဆက်)

## ပန်းတနော်မြို့နယ်၌ သက်တမ်းနှစ် ၂၀၀ ခန့်ရှိ ကညင်ဖြူပင်တွေ့ရှိ

ပန်းတနော် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာအုပ်စု ကျောင်းတော်ကလေးကျေးရွာ သာသနဝ္ပရက္ခိတ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ သက်တမ်းနှစ် ၂၀၀



ခန့်ရှိသည့်ကညင်ဖြူပင်(**အောက်ပုံ**) တွေ့ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါ ကညင်ဖြူပင်ကြီးမှာ သက်တမ်းနှစ် ၂၀၀ ခန့်ရှိပြီး လုံးပတ် ၁၇ ပေ၊ ခန့်မှန်းအမြင့်ပေ ၁၅၀ ခန့်ရှိပြီး ယခုအချိန်အထိ သာသနဝ္ပရက္ခိတ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်၊ ဒေသခံ ရွာသူ ရွာသားများနှင့် သစ်တောဦးစီးဌာနတို့မှ ထိန်းသိမ်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အထက်ပိုင်း၌ ကညင်နီပင်များ ပေါက်ရောက်သည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံ အောက်ပိုင်းများတွင် ကညင်ဖြူပင်များ ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## လူငယ်ရေးရာကော်မတီမှ ကျောက်ဆည်မြို့ အ.ထ.က(၃) ၌ အသိပညာပေး ဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ နိုဝင်ဘာ ၁ ရက်က တစ်မျိုးသားလုံးကျန်းမာရေး၊ လူထုအားကစားလှုပ်ရှားမှုနှင့် အားကစားပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်မိုးဝင်းက အားကစား တစ်မျိုးမျိုးပြုလုပ်ခြင်းဖြင့် ကာယပိုင်း၊ ဉာဏပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်စေခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်းရောဂါများဖြစ်ပွားစေခြင်းမှ လျော့ကျခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေပြီး အရိုးနှင့်ကြွက်သားများ သန်မာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အားကစားမှူး ဦးဝေမင်းဟိန်းက ၂၀၂၂ ခုနှစ် အသက် ၂၅ နှစ်အောက် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား၊ ပြေး၊ ခုန်၊ ပစ် လူရွေးချယ်ပြိုင်ပွဲနှင့် နိုင်ငံတော်က ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယပညာသိပ္ပံ သင်တန်းသားရွေးချယ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

(၁–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၇၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၈၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၂၁,၁၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၃၁,၇၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၈၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ များကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများ တွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံ ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**




## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိ ရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသ ကြီး ရန်ကင်းမြို့နယ်နှင့် တာမွေ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံ ပြည်သူ ၄၂၃၀ နှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၅၃၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ကျောင်းသား ကျောင်းသူ ၂၈၀ တို့ကို တပ်မတော် မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာန ချုပ်အသီးသီးမှ တာဝန်ရှိသူများ



က အခမဲ့ပေးဝေလှူဒါန်းလျက် ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ် ၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတ အဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်နှင့် ထပ်ဆောင်း (Booster) ထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်ဳန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေးအတွက် ရဟန်းရှင် လူ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများအကြိမ်ပြည့်နှင့် ထပ်ဆောင်း (Booster) ထိုးနှံပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီမှစ၍ အမှတ် (၃)ရပ်ကွက် ငွေကြာရံ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး သည်။

အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံရာသို့ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များပူးပေါင်း၍ ကာကွယ်ဆေးထိုးမှုခံယူကြသော သံဃာတော်များကို အဆင်ပြေချောမွေ့စွာ ဆေးထိုးနှံ နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဆွေနှင်း**

(ပြန်/ဆက်)

# ကိုယ်သိထား တတ်ထားတာလေးတွေ သူများအတွက်ထားခဲ့နိုင်အောင် လုပ်ရမယ်ဆိုပြီး ရေးခဲ့တာပါ

ရွှေကူ နန်းနွဲ့နွဲ့


တွေ့ဆုံမေးမြန်း
အာကာလင်း
ဓာတ်ပုံ - တင်စိုး

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည် -






အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆုရ ရွှေကူနန်းနွဲ့နွဲ့



အမျိုးသား စာပေဆု သုတပဒေသာ (အသုံးချသိပ္ပံ) ဆုရ ဒေါက်တာ သန်းထိုက်

**စာအုပ်အမည်- ညောင်ရမ်းခေတ် ဝန်ကြီး ပဒေသရာဇာ၏ မဏိကက် ပြဇာတ်ကို တေးဂီတရှုထောင့်မှ လေ့လာခြင်း**
**ဘာသာရပ် - မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆု**
**စာရေးသူ-ရွှေကူနန်းနွဲ့နွဲ့**

ဆရာမက ယဉ်ကျေးမှုလိုင်းဖြစ်ပါတယ်။ အချစ် ဝတ္ထုတွေမရေးခဲ့ပါဘူး။ သူတစ်ပါးကို အကျိုးပြုနိုင်မယ့် အထောက်အကူပြု နိုင်မယ့်စာအုပ်တွေ၊ မဟာဂီတနဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ဟာတွေကို ပဲရေးတယ်။ ရေးတဲ့အခါကျတော့ ဒီအချိန်မှာ ငါဘာရေးရင်သင့် သလဲဆိုတော့ ဟိုးတုန်းကပန်းဆိုးတန်း အဟောင်းဈေး အဟောင်းစာအုပ်ဆိုင်လေးမှာ ဝယ်ခဲ့တဲ့ ပြဇာတ်စာအုပ်လေးရှိတယ်။ အဲဒါက ညောင်ရမ်းခေတ်ဝန်ကြီး ပဒေသရာဇာ၏ **မဏိကက်ပြဇာတ်** စာအုပ်။ အဲဒါလေးဟာ မဖတ်ဖြစ်ဘူး၊ ဟိုနားလှန်လိုက် ဒီနားလှန်လိုက်ပဲ ဖတ်ဖြစ်ခဲ့တယ်။ ဒီတစ်ခါတော့ ငါသေချာကြည့်ရမယ်ဆိုပြီးတော့ အဲဒီစာအုပ်ကို စိတ်နှစ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ အဲဒီစာအုပ်က ကျောင်းသူခင်မြမိုးဦးဆိုတာ သူ့ခုံနံပါတ်လေးနဲ့ မဏိကက်ပြဇာတ်ကတာ တစ်ချိန်က သင်ခဲ့တယ်ထင်တယ်ဆိုပြီး စိတ်ဝင်စားသွားတယ်။ မဏိကက်ပြဇာတ်ဆိုတာတော့ ကျွန်မတို့ ကြားဖူးတယ်။ တစ်ခါမှလည်း မကြည့်ဖူးဘူး၊ ဘယ်သူပြောတာမှလည်း ဇာတ်လမ်းကို နားမထောင်ဖူးဘူး၊ စာအုပ်ကို လေ့လာတဲ့အခါ သူက တကယ်လေးလေးနက်နက် ရေးထားတာ၊ ဝန်ကြီးပဒေသရာဇာဆိုတာ ထံတျာတေရှင်ကြိုးကို သူစတင်ရေးခဲ့တာ။

ကျွန်မတို့ ပန်တျာကျောင်းတို့ ယဉ်ကျေးမှုတက္ကသိုလ်တို့ မဟာဂီတ စသင်မယ့်သူတို့ရဲ့ နံပါတ်တစ်သင်ရမယ့်သင်ရိုးပေါ့၊ အခုပြောတဲ့ ထံတို့၊ တျာတို့၊ တေတို့၊ ရှင်တို့ဆိုတာ ကျွန်မတို့ မြန်မာအသံရဲ့ သင်္ကေတပေါ့။ ထံဆိုတာအသံတစ်ခု၊ တျာဆိုတာ အသံတစ်ခု အသံနာမည် တွေပေါ့။ ဆိုတော့ ဒီသီချင်းကို ဝန်ကြီးက စရေးခဲ့တာဆိုတော့ ဝန်ကြီးရဲ့ အုတ်ဂူကို သွားလေ့လာဖူးတယ်။ အုတ်ဂူမှာ ယဉ်ကျေးမှုဝန်ကြီးဌာနက အတ္ထုပ္ပတ္တိ ရေးထားတဲ့ ဆိုင်းဘုတ်ကို တွေ့တယ်။ ဒါနဲ့ ဝန်ကြီးပဒေသရာဇာရဲ့ လက်ရာက မဟာဂီတစာအုပ်ကြီးတွေထဲမှာ ရှိတယ်။ အင်မတန် နက်နဲတဲ့ သီချင်းတွေ သူရေးခဲ့တယ်။ သူ့ဇာပျို့တို့လည်း သူရေးခဲ့တယ်။ အဲဒါဆိုတော့ စိတ်ဝင်စားတာပေ့ါ။ ဝန်ကြီးရဲ့စိတ်ကို ကျွန်မတို့ ခန့်မှန်းလို့ရတယ်။ နောင်လာနောက်သားအတွက် သူထားခဲ့မှာပဲဆိုတဲ့စိတ်ရှိတော့ အဲဒီပြဇာတ်ကို သေချာဖတ်တာ။ ဖတ်တဲ့အခါကျတော့ လင်္ကာတွေနဲ့ ရေးထားတာ၊ နဘေတွေနဲ့ ရေးထားတာ၊ တစ်အုပ်လုံး အဲဒီလို ရေးထားတာ၊ အဲ့ဒီမှာ စကားပြေ နည်းနည်း တေးသီချင်း အဲဒီလိုပါတာဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုဗစ်ကာလမှာ စိတ်ကိုနှစ်ပြီးဖတ်ကြည့်လိုက်တဲ့အခါ ကျတော့ နောက်လူတွေအတွက် အများကြီး အသုံးဝင်မှာပဲလို့ ဆိုပြီး ရေးခဲ့တာ။

ကျွန်မရဲ့ အသိမိတ်ဆွေများဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ပါမောက္ခကြီးတွေကို လှမ်းမေးတယ်။ ကျွန်မက ၂၀၁၉ မှာ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်အကြို ဟောပြောလိုက်တယ်။ ဟောပြောလိုက်တော့ ပါမောက္ခကြီးတွေက အများကြီး အားပေးကြတယ်။ အဲဒါနဲ့ သူတို့ကို မေးတဲ့ အခါကျတော့ ဒီဟာက စာအုပ်အနေနဲ့တော့ ဘယ်သူမှမထုတ်သေးဖူးတဲ့ စာတမ်းပြုစုတဲ့အကျဉ်းပေါ့၊ ဒီထဲက တစ်စိတ်တစ်ပိုင်းပေါ့၊ ဆရာမကြီး ရေးမယ်ဆိုရင်တော့ ကျွန်တော်တို့က အားပေးမှာ ပေါ့ဗျာတဲ့ ဒီတစ်ခွန်းရလိုက်တယ်။ တက္ကသိုလ်မှာ အသုံးတည့်မယ့် စာအုပ်တစ်အုပ်လို့ ကျွန်မ ယူဆတယ်။

စလေ့လာကတည်းက ဘေးမှာ မှတ်စုစာအုပ်နဲ့ထားပြီးတော့ တစ်ခါတည်းကိုယ်ပြုစုမယ့် စာအုပ်ရဲ့အနေအထားကို သိတဲ့အခါမှာ ပိုပြီးဂရုစိုက်တယ်။ အဲဒီတော့ တစ်နေ့ပြီးတစ်နေ့ ဖတ်လိုက်၊ တစ်နေ့ပြီး တစ်နေ့ရေးလိုက်၊ တစ်နေ့ပြီး တစ်နေ့မှတ်လိုက် နောက်တစ်ခါကျွန်မမှာရှိတဲ့ ကိုးကားလို့ရမယ့် စာအုပ်တွေ ဆွဲထုတ်လိုက်နဲ့ ကိုဗစ်ဒုတိယလှိုင်း မပြီးခင်မှာ စာအုပ်က ပြီးသွားတယ်။ ပြီးသွားပြီးတော့ ဒုတိယလှိုင်းအပြီးမှာ ခင်ပွန်းကဆုံးသွားတယ်။ ဒီစာအုပ်က ကျွန်မစိတ်ထဲမှာ ထုတ်ချင်စိတ် မရှိတော့ဘူး၊ မှတ်စုစာအုပ် စိတ်ဓာတ်တွေ ကျသွားတယ်။ ဒါပေမယ့် နိုင်ငံတော်က တာဝန်ပေးတာလေးတွေ ရှိတယ်။ နောက်တစ်ခါ ဆိုကရေးတီးကိစ္စလေး တွေ ရှိတယ်။ ယဉ်ကျေးမှုတက္ကသိုလ်က မေတ္တာရပ်ခံပြီးတော့လာဟောပြောပေးပါ၊ ဒီလိုတွေ ရှိတဲ့ အခါကျတော့ ကိုယ်သိထား တတ်ထားတာကလေးတွေက အလဟဿ မဖြစ်အောင် အသက် ၈၀ ကျော်ပြီ ဖြစ်တဲ့အတွက် သူများအတွက်ထားခဲ့နိုင်အောင် လုပ်တော့လုပ်ရဦးမယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းပြီးတော့ ဒီမဏိကက်ကို ပြန်ကိုင်ပြီးတော့ စာအုပ်ထွက်တဲ့အထိ အားထုတ်လိုက်တာပါဟု ပြောသည်။

ဆရာမကြီး ဒေါ်နွဲ့နွဲ့သည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ဇာတိဖြစ်ပြီး၊ အနုပညာနှင့်ပတ်သက်၍ ဂီတထူးချွန်(ပထမအဆင့်)ရရှိပြီး မြန်မာနိုင်ငံမဟာဂီတမူမှန်ဖြစ်ရေးတွင် အဖွဲ့ဝင်၊ စာပေဗိမာန် စာစစ်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်လျက်ရှိသည်။

**စာအုပ်အမည်-သိပ္ပံနည်းကျဒေတာလမ်းပြ (စားသောက်ကုန်တာရှည်ခံ ထိန်းဓာတုပစ္စည်းများ စံချိန်စံညွှန်း ပြည့်စုံစွာ အသုံးပြုနည်း)**
**ဘာသာရပ်-သုတပဒေသာ (အသုံးချသိပ္ပံ)**
**စာရေးသူ -ဒေါက်တာသန်းထိုက်**

"စာအုပ်ဖြစ်ပေါ်လာပုံနဲ့ ပတ်သက်ပြီးပြောရရင် ဒီစာအုပ်အတွက် လိုအပ်တဲ့အချက်အလက်တွေကို ကျွန်တော့်တစ်သက်တာ ထမ်းဆောင်ခဲ့ရတဲ့ တာဝန်မှတ်တမ်းတွေကို စုဆောင်းခဲ့ရပါတယ်။ ဓာတုပစ္စည်းရောင်းဝယ်တဲ့ ကုမ္ပဏီတွေက လုပ်ငန်းရှင်တွေအတွက် ပံ့ပိုးပေးရတဲ့ လက်တွေ့အားနည်းချက်တွေ၊ စားသောက်ကုန် လုပ်ငန်းတွေမှာ လက်တွေ့အားနည်းချက်တွေ၊ စားသောက်ကုန် လုပ်ငန်းတွေမှာ လက်တွေ့အသုံးပြု နေကြတဲ့ တာရှည်ခံထိန်း ဓာတုပစ္စည်းတွေကို နယ်အသီးသီးမှာ ခန့်မှန်းပြီး အသုံးပြုနေကြရတဲ့ အခြေအနေ၊ အမှန်တကယ်လိုအပ်ချက် စတာတွေကို ကွင်းဆင်းလေ့လာစုဆောင်းခဲ့ပါတယ်။ ဒ့ါအပြင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ လုပ်သင့်လုပ်ထိုက်တဲ့ ပံ့ပိုးမှုတွေကို ပညာပေးခြင်း၊ လက်တွေ့ကူညီပေးခြင်းတွေကို ပြန်လည်စဉ်းစားပြီး အချက်အလက်တွေ စုဆောင်းခဲ့ပါတယ်။

တက္ကသိုလ်မှာ သင်ကြားပေးရတဲ့ နည်းပညာသိပ္ပံတွေနဲ့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှ ရရှိတဲ့ အတွေ့အကြုံတွေ၊ ဟောပြောထားတဲ့ မှတ်တမ်းတွေကိုလည်း ပြန်လည်ရယူခဲ့ပါတယ်။ နိုင်ငံတော်အတွင်း လုပ်ကိုင်စားသောက်နေကြတဲ့ မြန်မာနိုင်ငံသား မြို့နေကျေးလက်နေ လူမျိုး၊ ဘာသာမရွေး လက်တွေ့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေအတွက် အထောက်အကူပြုရန် အလို့ငှာ အသိပညာမျှဝေတဲ့အနေနဲ့ အလွယ်တကူ နားလည်လွယ်တဲ့ စကားရပ်တွေနဲ့ ဒီစာအုပ်ကိုရေးသားခဲ့ရခြင်းဖြစ်ပါတယ်။

စာပေလောက ဖြတ်သန်းမှုအနေနဲ့ ပြောရရင် စာရေးသားတာ ကျွမ်းကျင်မှု မရှိသေးပါဘူး။ အထူးသဖြင့် မြန်မာစာနဲ့ရေးသားမှုမှာ အခက်အခဲရှိခဲ့ပါတယ်။ ကျွန်တော့်ဇနီး (ယခုကွယ်လွန်) က အနီးကပ် ပြင်ဆင်ပေးမှုကြောင့်သာ စာရေးမှု ပြီးမြောက်ခဲ့တာဖြစ်ပါတယ်။ လိုအပ်တဲ့ အချက်အလက်ဒေတာတွေကိုအင်တာနက်ကရယူပြီး အင်တာနက် အသုံးပြုမှုနဲ့ အခြားသော နည်းပညာဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေရေးအတွက် သမီးဖြစ်သူက ပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။ ရေးသားရတဲ့အခါမှာလည်း အခက်အခဲတွေ ရှိခဲ့ပါတယ်။ နည်းပညာဆိုင်ရာ အသုံးအနှုန်းတွေကို တစ်သီးတသန့် ရေးသားရင် စာဖတ်သူတွေအခက်အခဲရှိမှာ စိုးရိမ်လို့ ဘာသာပြန်တဲ့နေရာမှာ dictionary အမျိုးမျိုးနဲ့ ကြည့်ရှုရွေးချယ်ခဲ့ရပါတယ်။ MCM Co. မှ ဓာတုအင်ဂျင်နီယာတွေ၊ ရန်ကုန်တက္ကသိုလ်နဲ့ တခြားတက္ကသိုလ်တွေက ကုန်ထုတ်ဓာတုဗေဒ ပါမောက္ခတွေ၊ ကထိကတွေက ပြင်ဆင်တည်းဖြတ်ကူညီပေးခဲ့လို့ အခုလိုချောမွေ့ခဲ့ရတာဖြစ်တဲ့အတွက် ကျေးဇူးအလွန်တင်ရှိပါတယ်။

စာဖတ်သူတွေအတွက် အကျိုးရှိစေရန်ရည်ရွယ်၍ စုဆောင်းရေးသားဖြန့်ဝေနိုင်ခဲ့လို့ ကျေနပ်အားရပါတယ်။ အခုလိုမျိုး နိုင်ငံတော်မှ အမျိုးသားစာပေဆုကို ရရှိမယ်လို့ လုံးဝမမျှော်လင့်ခဲ့ပါဘူး။ ယခင်ရရှိခဲ့တဲ့ စာရေးဆရာကြီးတွေကိုလည်း အလွန်အားကျမိခဲ့ပါတယ်။ အခု လက်တွေ့ရရှိတဲ့အခါကျတော့ အတိုင်းထက်အလွန်ပီတိဖြစ်မိပါတယ်။ ရွေးချယ်ရေးအဖွဲ့နဲ့ နိုင်ငံတော်ဌာနများမှ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော့်ထက် ဘာသာရပ်ဗဟုသုတကြွယ်ဝကြတဲ့ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ကထိကများ၊ ပင်စင်ယူပြီးပါကလည်း မိမိတို့ရဲ့ အသိပညာများကို ဖြန့်ဝေရေးသားပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ဆရာကြီး ဒေါက်တာ သန်းထိုက်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် အဖ (ဦးချစ်ထွန်း)အမိ(ဒေါ်ခင်သောင်း)တို့မှ ၁၉၃၈ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၅၄ ခုနှစ် ချောင်းဦးမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ၁၉၅၄-၅၈တွင် မန္တလေးတက္ကသိုလ်မှ Applied Chemistry ဘာသာရပ်၊ B.Sc (App-Chem) Rangoon) ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၉-၆၆ တွင် ကိုလံဘိုစီမံကိန်း စကောလားရှစ်ဖြင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်တွင် B.E (Chem. Enggနှင့် Ph.D Engg) ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၀-၉၈ တွင်သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြင့် အငြိမ်းစားယူခဲ့သည်။

# ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် လေရှီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၇၇ ကျောင်းမှ သံဃာတော် ၂၁၆ ပါး၊ သာမဏေ အပါး ၈၀ နှင့် သာသနဝ္ဂနွယ်ဝင် သီလရှင် ၄၁ ပါးတို့အား အမယ်လေးမျိုးနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ခန္တီးမြို့ သီတဂူစကျွဒါနဆေးရုံတော်၌ပြုလုပ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသရ ကြွရောက်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်၍ အမယ်လေးမျိုးနှင့် န ဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။(**အပေါ်ပုံ**)

အလားတူ အောက်တိုဘာ ၃၁ ရက်နှင့် ယနေ့တွင် မွန်ပြည်နယ် သထုံမြို့ရှိ မင်္ဂလာအေးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ သာသနဝ္ဂမဏ္ဍိုင်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ဇရပ်ကျေးရွာရှိ စမ်းရေဖျားတောရ တပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်းသုံးကျောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်း လေးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်းသုံးကျောင်းနှင့် သာသနဝ္ဂနွယ်ဝင်သီလရှင် ကျောင်းသုံးကျောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းအလှူငွေလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို နိုဝင်ဘာ ၁ ရက်က ယင်းကျောင်းတွင် ပြုလုပ်သည်။




ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် (၂၀၂၂ ခုနှစ် အောက်တိုဘာလ) အတွက် ငွေကျပ် ၁၅ သိန်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန (မန္တလေး) မှ ဒေါ်အိအိခိုင်(စာရင်းကိုင်-၁)က ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်း၊ ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မဇာဓိဇောတရေ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁**



နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်း အခက်အခဲအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစံမောင်နှင့် ဝန်ထမ်းမိသားစုများက နမ့်ဆန်မြို့နယ် ဇယန်းကြီး ဘုန်းတော်ကြီး ကျောင်းတိုက်၊ ကျောင်းထိုင် ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကုန်သေတ္တာတစ်ခုအတွင်းတွင် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Aluminium Materials အပါအဝင် ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့အထွက် (၅)မိုင် စီအင်လုံခြုံရေးဂိတ်တွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် အရွယ်စုံ လက်ကောက်ကွင်းများနှင့် ပုတီးစေ့များ ၃၉၇ ဒသမ ၃ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၆၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၇၆၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃,၄၃၁) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များကို ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၇၂၇၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာ အိတ် ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Spray Paint ဖာ ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng အမျိုးအစား Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၃၁၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၁၁၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၈ ရက်၊ ၃၀ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁ ၃၀၉၂၄၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မုဒုံမြို့နယ်၌ ဒေသထွက် ရော်ဘာအစေးခံမြေစဉ့်ခွက်များကို မိရိုးဖလာလုပ်ငန်းအဖြစ် စဉ်ဆက်မပြတ်လုပ်ကိုင်လျက်ရှိ

**မုဒုံ နိုဝင်ဘာ ၁**

မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံကျေးရွာ၌ မွန်ရိုးရာလက်မှုပညာ မိရိုးဖလာလုပ်ငန်းတစ်ခု ဖြစ်သည့် ရော်ဘာအစေးခံ မြေစဉ့်ခွက်များကို စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ရော်ဘာအစေးခံစဉ့်ခွက်ကို မြေထည်ဖြင့် အဓိကလုပ်ကိုင်ရပြီး ကုန်ကြမ်းရွှံ့မြေကြီးကို ကျေးရွာများတွင်ရှိသည့် ကန်အဟောင်းမှ ရရှိကြောင်း၊ ရွှံ့မြေကြီးများကို အခြောက်လှန်းကာ စက်ဖြင့်ကြိတ်ရပြီး ထွက်ရှိလာသည့် ရွှံ့မြေကြီးအမှုန့်များကို ရေထည့်ထားသည့် ကန်အတွင်း၌ စိမ်ထားရကြောင်း၊ ယင်း စိမ်ထားသည့် ရွှံ့မြေကြီးများကို နင်း၍ ပြုလုပ်သူများက လက်ဖြင့်သာပုံဖော်ပြီး ထွက်ရှိလာသော မြေခွက်များကို နေလှန်းထားရကြောင်း၊ နေလှန်းပြီး မြေခွက်များ အကြမ်းခံမာကြောစေရန်အတွက် ခုနစ်နာရီကြာ မီးဖုတ်ဖိုဖြင့် မီးဖုတ်ပေးရကြောင်း၊ မြေခွက်ပုံဖော်ပြီး ရောင်းတမ်းဝင် စဉ့်ခွက်များ ဖြစ်သည်အထိ



နှစ်ရက်ကြာပြုလုပ်ရကာ လုပ်သားတစ်ဦးလျှင် အိုးထိန်းစက်ဖြင့် တစ်ရက်ကို မြေစဉ့်ခွက် ပုံကြမ်းအလုံး ၃၀၀ ကျော်ရရှိကြောင်း နိုင်လုံကျေးရွာ အရှေ့ပိုင်းနေ ၄၅ နှစ်ကြာ မြေအိုးစဉ့်ခွက်ပန်းအိုး ပြုလုပ်သူ ဦးငွေဝင်းထံမှ သိရသည်။

ရော်ဘာအစေးခံ မြေစဉ့်ခွက်များသည် အခြားပလတ်စတစ် ကော်ခွက်များထက် ဈေးကြီးသော်လည်း ရေရှည်ခိုင်မာပြီး ကော်စေးများ မကပ်ခြင်း၊ ရော်ဘာစေးများကို လွယ်ကူစွာ ခွာယူရရှိခြင်းကြောင့် မြေစဉ့်ခွက်များကို နောက်ပိုင်းတွင် ပြန်လည်ပိုမိုအသုံးပြုလာကြကြောင်း ရော်ဘာစိုက်ပျိုးရေးခြံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြေစဉ့်ခွက်များသည် ယခင်နှစ်က တစ်လုံးလျှင် ငွေကျပ် ၁၂၀ သာ ရရှိပြီး ယခုနှစ်တွင်ငွေကျပ် ၂၅၀ ရရှိလာကာ ရော်ဘာအစေး စထွက်ချိန်ရာသီတွင် အရောင်းအဝယ် သွက်လာ၍ ပြုလုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲအနေဖြင့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မိုးနှောင်းရာသီ၌ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်နိုင်ရေး ဝါစိုက်တောင်သူများအား ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖြန့်ဖြူးပေးနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး လက်တွေ့သင်တန်းကို ကျောက်ဆည်မြို့နယ် လွန်ကျော်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသင်တန်းခန်းမ၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ ခြံတာဝန်ခံ ဒေါက်တာ အေးအေးမြတ်က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာ ဆရာမများက ဝါသီးနှံမျိုးကွဲ စစ်ဆေးခြင်း၊ နုတ်ပယ်ခြင်း၊ ပိုးမွှားကင်းထောက် မှတ်တမ်းယူခြင်း၊ မျိုးစေ့နမူနာယူခြင်း၊ အက်စစ်ချွတ်ခြင်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဝါသီးနှံဇီဝနည်းပညာဓာတ်ခွဲခန်း (Cotton Biotechnollogy Laboratory) ၌ ဓာတ်ခွဲခန်းသုံးပစ္စည်းများ အသုံးပြုပုံနှင့် ရွှေတောင်- ၈၊ ရွှေတောင် -၁၀ ဝါမျိုးများတွင် BTgene ပါဝင်မှု စစ်ဆေးခြင်းများကို လက်တွေ့ကွင်းဆင်းခဲ့သည်။

အဆိုပါ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ အောင်မြေသာစံခရိုင်များမှ သင်တန်းသားသင်တန်းသူ ၁၅ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲ၌ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုးက Zoom Application ဖြင့် သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**





## ရှင်ပင်ရွှေစောလူးစေတီတော်မြတ်ကြီးကို ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်နိုင်

**မြင်းမူ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး သာသနာပြုလှူဒါန်းထားရှိခဲ့သည့် ရှင်ပင်ရွှေစောလူးစေတီတော်ကြီးမှာ အလှူရှင်များက ဆက်လက်လှူဒါန်းမှုနှင့် ဘုရားကြီးဂေါပကအဖွဲ့အဆက်ဆက်မှ ထိန်းသိမ်းပြုပြင်မွမ်းမံလျက်ရှိသည့်အတွက် ရှေးမူမပျက်တည်ရှိပြီး အနုစိတ်မြန်မာမှု လက်ရာများတည်ရှိသည်ဖြစ်ရာ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း ဂေါပကအဖွဲ့ထံက သိရသည်။

ဘုရားရင်ပြင်ပေါ်တွင် မြန်မာမှုလက်မှုပညာများဖြစ်သည့် ပန်းရံ၊ ပန်းတော့၊ ပန်းချီ၊ ပန်းပုနှင့် သရိုးကိုင် ရွှေဇဝါပန်းချီလက်ရာများသည် သေသပ်လှပပြီး အကော့အညွတ်၊ အကွေ့အဝိုက်များ၊ ခြူးပန်းခြူးနွယ်နှင့် ပန်းဆွဲစိန်တောင်၊ တိရစ္ဆာန်ရုပ်၊ လူရုပ်များ၊ တံကဲပန်း၊ မျက်နှာကြက်ပန်းများမှာ ရှုမောဖွယ်ရှိသကဲ့သို့ စေတီတော်ရင်ပြင်ရှိ ရုပ်စုံအုတ်ပြသာဒ်သည်လည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ နှစ်ခုတည်းသာရှိသည့်အတွက် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ရိုးရာ ပန်းရံ၊ ပန်းပု၊ ပန်းတော့အနုပညာလက်ရာများကိုပါ လေ့လာမှတ်သားနိုင်ကြောင်း သိရှိရပြီး၊ ဘုရားပရိဝုဏ်အတွင်းရှိ ရွှေစောလူးစေတီတစ်ဆူ၊ အခြားစေတီ ၁၀ ဆူ၊ ကျွန်းသားပန်းပု ရှေးအနုလက်ရာများပါရှိပြီး နှစ်သက်တမ်း ၁၀၀ ကျော်ရှိပြသာဒ်များ၊ ဆီဆေးပန်းချီကားများနှင့် အခြားသာသနိကဆောက်အအုံများကိုပါ တစ်ပြိုင်တည်း လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး သက်ဆိုင်ရာ ဂေါပကအဖွဲ့ကလည်း နွေးထွေးပျူငှာစွာ ကြိုဆိုဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

ရွှေစောလူးဘုရားပွဲတော်ကို နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပလျက်ရှိပြီး အနယ်နယ်အရပ်မှ ဘုရားဖူး ပြည်သူများ၊ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားသော ဘုရားပွဲတော် တစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

## ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (ပထမ) ၁၀ ရက်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၃ မီလီမီတာမှ ၃၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၃၃ မီလီမီတာ မှ ၄၂ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၃ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိခဲ့ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ "မျိုးကောင်းမျိုးသန့် စိုက်ပျိုးအထွက်တိုးမယ့်ရွှေနေကြာ"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း" (အပိုင်း-၂၅)
**၁၃:၁၀** သီချင်းကြီးပဒေသာ
**၁၃:၂၀** စိတ်အပန်းပြေဖွယ်နောင်ချိုတိမ်ပင်လယ်
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း- ၂၃+၂၄)
**၁၅:၃၀** မျိုးဝုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၆:၃၅** အသိပညာနှင့်အမှန်တရား"
**၁၆:၅၀** "တို့ဓလေ့တို့သဘာဝ"
**၁၇:၁၅** "ခေတ်အလိုက်ကြေးမုံပြင်"
**၁၇:၃၀** "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** (၃၈)ဗြာမင်္ဂလာ "ပတိရူပဒေသဝါသော စ" (သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်း)
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့ လွင့်ပျံ့အမှန်း" (အပိုင်း-၃၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၂၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "ဥမ္မာဒန္တီ" (ဒုတိယပိုင်း)

**mitv**

**07:02** Evergreen Classic: Migadawon (Tekkatho Lei Lei)
**07:10** Myanmar Puppeteers (Duet Dance)
**07:21** A Glance At A Naga Family Life
**07:39** Tazaungmone
**08:01** News
**08:26** Living Myanmar Glazed Ceramics
**08:43** A Visit to San-Taw-Shin Kyike-Hti-Yo Pagoda
**09:01** Pride of Myanmar - Bagan arts and handicrafts
**09:16** Taking an Oath for Life
**09:28** Those Who Never Give Up (Ep-6) In Pursuit of a dream
**10:01** News
**10:26** Topical Topics
**10:35** Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
**10:50** Black Gold (Part-2)

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်း အင်တာဗျူး
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နွားနောက်မြီးစွပ်ပြုတ်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
လှေခွင်းတောင်(အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပုဇွန်တက်နဲ့ဟင်းခပေါင်းသီးကြော်
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တံငါသည်ဘဝအကြောင်း
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သစ်ပင်ပေါ်မှာငွေရှိသည်
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ဒါဏ်"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း အပိုင်း-၇
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၅၀** ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
**၀၇:၀၀** စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အား
**၀၇:၂၅** စိုက်ပျိုးရေးကဏ္ဍအားထားရာ စပါးနှင့် ဝှန်လျှော့သုတေသနပါ
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ (အာလူးကြော်ပြုလုပ်ပုံ)
**၀၈:၅၀** ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
**၀၉:၄၅** ဆန်းသစ်လုပနေသောကျေးရွာများနှင့်ကလော

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋက မဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင် အေးကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ တန့်ကျည်တောင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ခေးနင်းဘူတာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေကလော အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက ဒေသထွက်ဆန်များ ဖြန့်ဖြူးရောင်းချ

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ရွှေကလော အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်က ကလော၊ အောင်ပန်းနှင့် ဟဲဟိုးဒေသများရှိ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် တောင်ယာဆန်/ဒေသထွက်ဆန်(ရှမ်းဆန်)များကို အသင်းသားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တစ်လဆိုင်း (လက်လီ/လက်ကား)စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သမဝါယမဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၂၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၃၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၅ ကျပ် | ၂၈၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၀ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၈၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၅၆၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၃ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၃ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၈ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၀၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၂၀၀ | ၁၈၄၀၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၁၁၀၂ | ၃၆၅၇၀၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၃၇ | ၂၈၄၉၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၆၂ | ၁၂၁၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၂ | ၁၄၀၄၀၀ |
| EFR | ၂၇၀၀ | ၂၆၅၀ | ၆၀၀ | ၁၅၉၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၁၀ | ၅၅၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထား နိုင်သည်။

၂။ လိုအပ်သောအရည်အချင်းများ-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်(နိုင်)/(ပြု)/(ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။ (ဝင်ခွင့်လျှောက်ထားချိန် တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(နိုင်)/(ပြု)/(ဧည့်) ရရှိတင်ပြနိုင်သူဖြစ်ရမည်)

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက် ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာအထက်တန်း ကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံ ဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်း များမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊၉-တန်း၊၁၀-တန်း)ကို ခက်ခဲဒေသ တွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။

(ဃ) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်။

(င) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)ဖြင့်အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာစုစုပေါင်းရမှတ် (၄၂၀)နှင့်အထက်ရရှိသူဖြစ်ရမည်။ အဆိုပါ (၆)ဘာသာစုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိ သူများအနက် အင်္ဂလိပ်စာ၊ဓာတုဗေဒ၊ဇီဝဗေဒ (၃)ဘာသာစုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page နှင့် Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တို့တွင် ကြေညာမည်။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက် မကွက်(မပျက်မကွက်)လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီဝင်ရောက်ဖြေဆိုခြင်း မရှိသူ များအား (၃)ဘာသာစုစုပေါင်းရမှတ်မည်မျှပင်ရရှိစေကာမူ လုံးဝ(လုံးဝ) လက်ခံ စဉ်းစားပေး မည်မဟုတ်ပါ။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာစုစုပေါင်းရမှတ်နှင့် လူတွေ့ နှုတ် မေးစာမေးပွဲဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့်ပြုမည်။

(ဈ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့် မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြား အကြောင်းကြားပေးမည်မဟုတ်ပါ။

(ည) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုပါရန် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမ ည်။

(ဋ) ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန် သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅) နှစ် မပျက် မကွက် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုရမည်။

၃။ လျှောက်လွှာနှင့်အတူအောက်ပါအချက်များကို ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့်တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း) (၁)စောင်

(ခ) ၎င်းဒေသရှိကျောင်း၌(၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲအား ၎င်းဒေသရှိစာစစ်ဌာနမှအောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာအခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန် သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅) နှစ် မပျက် မကွက်(မပျက်မကွက်) တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။
မှတ်ချက်။ အထူးအခွင့်အရေးအဖြစ်ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့် အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီး သည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅) နှစ်၊ ဘွဲ့လွန် သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅) နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌ (သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် ရှေ့မှောက်တွင် လက်မှတ် ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို (၂၅-၁၁-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထား ရမည်ဖြစ်သည်။

၆။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

